ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း

အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

Activate Windows
Go to Settings

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | **အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** | ၁-၃ |
| ၂။ | **အခန်း (၂) လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း** | ၄-၁၇ |
| ၂.၁ | လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း | ၄-၇ |
| ၂.၂ | အထူးလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း | ၇-၉ |
| ၂.၃ | လုပ်ငန်းလိုင်စင်အမျိုးအစားပြောင်းလဲလျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း | ၉ |
| ၂.၄ | လုပ်ငန်းလိုင်စင်သက်တမ်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း | ၉-၁၁ |
| ၂.၅ | ကနဦးစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုင်စင်အပေါ် စိစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် | ၁၁-၁၃ |
| ၂.၆ | လျှောက်လွှာကြေးနှင့် လုပ်ငန်းလိုင်စင်ကြေး | ၁၃ |
| ၂.၇ | လုပ်ငန်းလိုင်စင် သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ခြင်း | ၁၃-၁၅ |
| ၂.၈ | စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း | ၁၅-၁၇ |
| ၂.၉ | ကန့်သတ်ချက်အဖြစ် မှတ်ယူခြင်း | ၁၇ |
| ၃။ | **အခန်း (၃) လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များ** | ၁၇-၁၉ |
| ၃.၁ | လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များ | ၁၇ |
| ၃.၂ | လုပ်ငန်းရာဇဝင် | ၁၇ |
| ၃.၃ | ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းများ | ၁၈ |
| ၃.၄ | ကျင့်ဝတ် | ၁၈-၁၉ |
| ၄။ | **အခန်း (၄) လုပ်ငန်းတာဝန်သတ်မှတ်ချက်များ** | ၁၉-၂၆ |
| ၄.၁ | လေ့လာဆန်းစစ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ | ၁၉-၂၀ |
| ၄.၂ | အကြံပေးပုဂ္ဂိုလ် | ၂၀-၂၁ |
| ၄.၃ | တွဲဖက်အကြံပေးပုဂ္ဂိုလ် | ၂၁-၂၂ |
| ၄.၄ | အကြံပေးအဖွဲ့အမျိုးအစား (က) | ၂၂-၂၃ |
| ၄.၅ | အကြံပေးအဖွဲ့အမျိုးအစား (ခ) | ၂၃-၂၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၄.၆ လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင် | ၂၄-၂၆ |
| | ၄.၇ အထောက်အကူပြုအဖွဲ့ဝင်များ | ၂၆ |
| ၅။ | **အခန်း (၅) ကျွမ်းကျင်မှုနယ်ပယ်သတ်မှတ်ချက်များ** | ၂၆-၂၈ |
| ၆။ | **အခန်း (၆) ကင်းလွတ်ခွင့်များ** | ၂၈ |
| ၇။ | **အခန်း (၇) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း** | ၂၉-၃၀ |
| ၈။ | **အခန်း (၈) အယူခံခြင်း** | ၃၁ |
| ၉။ | **အခန်း (၉) တားမြစ်ချက်များ** | ၃၁ |
| ၁၀။ | **အခန်း (၁၀) အထွေထွေ** | ၃၂ |
| ၁၁။ | အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ | ပုံစံ (က) |
| ၁၂။ | အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့ အမျိုးအစား (ခ) အတွက် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ | ပုံစံ (ခ) |
| ၁၃။ | အထူးလုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ | ပုံစံ (ဂ) |
| ၁၄။ | အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များ | နောက်ဆက်တွဲ(က) |
| ၁၅။ | အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့ အမျိုးအစား (ခ)အတွက် လုပ်ငန်းလိုင်စင် သို့မဟုတ် အထူးလုပ်ငန်း လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များ | နောက်ဆက်တွဲ(ခ) |
| ၁၆။ | လုပ်ငန်းရာဇဝင် | နောက်ဆက်တွဲ(ဂ) |
| ၁၇။ | ကျွမ်းကျင်မှုနယ်ပယ်အလိုက် ဆက်စပ်ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်း၊ အထူးသီးသန့်ကျွမ်းကျင်မှုနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းအတွေ့အကြုံများ | နောက်ဆက်တွဲ(ဃ) |
| ၁၈။ | အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်မှုနာရီတွက်ချက်ပုံ (Calculation on CPD hour) ဇယား | နောက်ဆက်တွဲ(င) |
| ၁၉။ | စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ | နောက်ဆက်တွဲ(စ) |
| ၂၀။ | လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၊ စောင့်ကြပ်စစ်ဆေး အကဲဖြတ်ခြင်း အဖွဲ့နှင့် အယူခံခြင်းဆိုင်ရာ ပုံပြဇယားများ | နောက်ဆက်တွဲ(ဆ) |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**
**(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းကို ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းကို လေ့လာရေးဆွဲဆောင်ရွက်ရန် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ကို ထုတ်ပေးသည့် လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ခ) **အထူးလုပ်ငန်းလိုင်စင်** ဆိုသည်မှာ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက ဆောင် ရွက်နိုင်ခြင်းမရှိသည့် စီမံကိန်းအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်နိုင်ရေး အတွက် တတိယအဖွဲ့အစည်းတစ်ခုခုအား ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဂ) **လိုင်စင်** ဆိုသည်မှာ လုပ်ငန်းလိုင်စင်တစ်မျိုးမျိုး သို့မဟုတ် အထူးလုပ်ငန်းလိုင်စင် ကို ဆိုသည်။

(ဃ) **အကြံပေးပုဂ္ဂိုလ်** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန် ဤ လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် လုပ်ငန်းလိုင်စင်ရယူထားသော တတိယပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(င) **တွဲဖက်အကြံပေးပုဂ္ဂိုလ်** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား အတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန်ဖြစ်စေ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်မှုများကို လက်ထောက်အဖြစ် ကူညီဆောင်ရွက်ရန်ဖြစ်စေ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ တွဲဖက် အကြံပေးပုဂ္ဂိုလ် လုပ်ငန်းလိုင်စင်ရယူထားသော တတိယပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(စ) **အကြံပေးအဖွဲ့အမျိုးအစား (က)** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန် ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ အကြံပေးအဖွဲ့အမျိုးအစား (က) လုပ်ငန်းလိုင်စင်ရယူထားသော တတိယ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဆ) **အကြံပေးအဖွဲ့အမျိုးအစား (ခ)** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား အတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန်ဖြစ်စေ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်မှုများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးအဖွဲ့ အမျိုးအစား (က) ၏ လက်ထောက်အဖြစ် ကူညီဆောင်ရွက်ရန်ဖြစ်စေ ဤလုပ်ထုံး လုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးအဖွဲ့အမျိုး အစား (ခ) လုပ်ငန်းလိုင်စင်ရယူထားသော တတိယအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဇ) **လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ** ဆိုသည်မှာ ဦးစီးဌာနက လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **အဓိကအကြံပေးပုဂ္ဂိုလ်** ဆိုသည်မှာ အကြံပေးအဖွဲ့အမျိုးအစား (က) တွင် အဓိက အကြံပေးပုဂ္ဂိုလ်အဖြစ် အဖွဲ့ကတာဝန်ပေးအပ်သော အကြံပေးပုဂ္ဂိုလ်ကို ဖြစ်စေ၊ အကြံပေးအဖွဲ့အမျိုးအစား (ခ) တွင် အဓိကအကြံပေးပုဂ္ဂိုလ်အဖြစ် အဖွဲ့က တာဝန် ပေးအပ်သော အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်ကို ဖြစ်စေ ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့** ဆိုသည်မှာ လိုင်စင်လျှောက်ထားမှုများကို စိစစ် အကဲဖြတ်၍ အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား လုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက်လည်းကောင်း၊ တတိယအဖွဲ့အစည်းများ အား အထူးလုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက်လည်းကောင်း၊ လုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသူကို ကြီးကြပ်ရန်နှင့် လိုက်နာခြင်းမရှိပါက စီမံခန့်ခွဲရေး

နည်းလမ်းအရ အရေးယူနိုင်ရေးအတွက်လည်းကောင်း ဦးစီးဌာနသို့ သုံးသပ်တင်ပြရန် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဘုတ်အဖွဲ့ကို ဆိုသည်။

(ဠ) **ကနဦးစိစစ်ရေးအဖွဲ့** ဆိုသည်မှာ လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့အား အထောက်အကူပြုရန် ဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဍ) **လေ့လာဆန်းစစ်ရေးအဖွဲ့** ဆိုသည်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကျွမ်းကျင်သူအဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များ လုံလောက်စွာပါဝင်စေလျက် ဤလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထား**သူ**က ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(ဎ) **အထောက်အကူပြုအဖွဲ့ဝင်** ဆိုသည်မှာ လေ့လာဆန်းစစ်ရေးအဖွဲ့တွင် ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်ရယူရန် မလိုအပ်သော အဖွဲ့ဝင်ကို ဆိုသည်။

(ဏ) **ပတ်ဝန်းကျင်ဆိုင်ရာအဓိကပြဿနာများ** ဆိုသည်မှာ အဆိုပြုစီမံကိန်းတစ်ခုကြောင့်ဖြစ်စေ၊ ပေါင်းစပ်စီမံကိန်းကြောင့်ဖြစ်စေဖြစ်ပေါ်သည်ဟု ဦးစီးဌာနက ဆုံးဖြတ်သည့် ကြိုတင်မျှော်မှန်းနိုင်သော ထိခိုက်မှုများ၏ အဓိကအစိတ်အပိုင်းများကို ဆိုသည်။

(တ) **စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း** ဆိုသည်မှာ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထား**သူ**က တင်ပြထားသည့် စာရွက်စာတမ်း အထောက်အထား၊ အသုံးပြုအရင်းအမြစ်၊ ပစ္စည်းကိရိယာအရည်အသွေးနှင့် နည်းစနစ်များ၊ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သင့်လျော်မှန်ကန်မှုနှင့် ပြည့်စုံလုံလောက်မှု ရှိ မရှိ သို့မဟုတ် အပိုဒ် ၇ နှင့် ၃၃ အရ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အပိုဒ် ၄၆ ပါ ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးမှု ရှိ မရှိ အနီးကပ်စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းကို ဆိုသည်။

(ထ) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းတွင် သတ်မှတ်ထားသော ပုံစံနှင့် ယင်းပုံစံ၏ နောက်ဆက်တွဲများကို ဆိုသည်။

(ဒ) **နောက်ဆက်တွဲ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းပါ နောက်ဆက်တွဲကို ဆိုသည်။

# အခန်း (၂)
# လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း

## ၂.၁ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း

၃။ (က) အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် ပုံစံ (က) တွင် ပြည့်စုံစွာ ဖြည့်သွင်းပြီး ဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။

(ခ) အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် ပုံစံ (ခ) တွင် ပြည့်စုံစွာ ဖြည့်သွင်းပြီး ဦးစီး ဌာနသို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဦးစီးဌာနသည် လျှောက်ထားသူ၏ လုပ်ငန်းလိုင်စင်လျှောက်လွှာနှင့် အထောက် အကူပြုစာရွက်စာတမ်းများအပေါ် အခြေခံစိစစ်၍ သင့်လျော်မှုမရှိဟု ယူဆလျှင် ဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် လျှောက်ထားသည့် လုပ်ငန်းလိုင်စင်ကို ထုတ်ပေး ရန် ငြင်းပယ်နိုင်သည်။

(ဃ) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်လျှောက်လွှာ ငြင်းပယ်ခြင်းခံရသော မည်သည့် လျှောက်ထားသူမဆို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၈ အပိုဒ်ခွဲ (ဂ) အရ ချို့ယွင်းချက်များကို ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုစေပြီးနောက် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားခွင့်ပြုနိုင် သည်။

(င) လုပ်ငန်းလိုင်စင်လျှောက်ထားသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာကြေးကို လုပ်ငန်းလိုင်စင် လျှောက်ထားချိန်တွင် တစ်ပါတည်း ပေးသွင်းရမည်။

၄။ မည်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို နောက်ဆက်တွဲ (က) သို့မဟုတ် နောက်ဆက်တွဲ (ခ) ပါ စံနှင့်သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လုပ်ငန်းလိုင်စင်လျှောက်ထား နိုင်သည်။ ထို့အပြင် လျှောက်ထားသူသည် အကြံပေးပုဂ္ဂိုလ်၊ တွဲဖက်အကြံပေးပုဂ္ဂိုလ်၊ အကြံပေး အဖွဲ့အမျိုးအစား (က)၊ အကြံပေးအဖွဲ့အမျိုးအစား (ခ) လုပ်ငန်းလိုင်စင်အမျိုးအစား လေးမျိုး အနက် မိမိ၏ကျွမ်းကျင်မှု၊ အတွေ့အကြုံများနှင့် သင့်လျော်သော လုပ်ငန်းလိုင်စင်တစ်မျိုးကိုသာ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်လျှောက်ထားရမည်။

၅။ နိုင်ငံခြားသားတတိယပုဂ္ဂိုလ်သည် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ နိုင်ငံခြားတတိယအဖွဲ့အစည်းသည် အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ်လည်းကောင်း လုပ်ငန်းလိုင်စင်လျှောက်ထား ရာတွင် အပိုဒ် ၃ နှင့် ၄ ပါ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာ

ဆောင်ရွက်ရမည့်အပြင် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) လျှောက်ထားသည့်နယ်ပယ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လေ့လာမှု ဆောင်ရွက်နိုင်စွမ်းရှိကြောင်း မူလနိုင်ငံ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးထားသော သက်တမ်းမကုန်သေးသည့် သက်သေခံလက်မှတ်ဖြစ်စေ၊ ထောက်ခံစာဖြစ်စေ သို့မဟုတ် မူလနိုင်ငံက အသိအမှတ်ပြုသက်သေခံလက်မှတ် သို့မဟုတ် ထောက်ခံစာထုတ်ပေးထားခြင်း မရှိပါက လက်ရှိလုပ်ကိုင်နေသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းအထောက်အထားများကို တင်ပြရမည်။

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ရန် သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သီးခြားရေးဆွဲရန်နှင့် ယင်းတို့ကို လိုက်နာအကောင်အထည်ဖော်ရန် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ လုံလောက်သော အသိပညာရှိရမည်။

(ဂ) အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အတွက် အပိုဒ် ၄၂ နှင့် ၄၃ တို့ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီရမည့်အပြင် မြန်မာနိုင်ငံသား အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦး အနည်းဆုံးပါဝင်ပြီး အဖွဲ့အစည်း၏ အခြေစိုက်ရုံးခွဲကို မြန်မာနိုင်ငံတွင် တရားဝင် ဖွင့်လှစ်ထားရှိရမည်။

(ဃ) မြန်မာနိုင်ငံအစိုးရက ထုတ်ပေးသည့် ပြည်တွင်းနေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်နှင့် သက်ဆိုင်သော ခွင့်ပြုချက် သို့မဟုတ် အခြားထောက်ခံချက်၊ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပေးသည့် ပညာရပ်နယ်ပယ် နှင့်စပ်လျဉ်း၍ ကျွမ်းကျင်မှုဆိုင်ရာ ထောက်ခံချက်တို့ကို တင်ပြရမည်။

၆။ (က) ဤလုပ်ထုံးလုပ်နည်းမထုတ်ပြန်မီ ကြားကာလတွင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် ထုတ်ပေးထားသော ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်းအထောက်အထားလက်မှတ်သည် ဤလုပ်ထုံးလုပ်နည်း ထုတ်ပြန်သည့် ရက်မှစ၍ ခြောက်လပြည့်မြောက်သည့်နေ့တွင် ပျက်ပြယ်သည်။

(ခ) ကြားကာလ အကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ် ရယူထားသော တတိယပုဂ္ဂိုလ်သည် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အပိုဒ် ၃ အပိုဒ်ခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

(ဂ) ကြားကာလ အကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ် ရယူထားသော တတိယအဖွဲ့အစည်းသည် အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ပါ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၇။ လုပ်ငန်းလိုင်စင်ရယူရန်၊ လုပ်ငန်းလိုင်စင်အမျိုးအစားပြောင်းလဲရန်နှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် လျှောက်ထားသူသည် အောက်ပါလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရမည်-

(က) ဦးစီးဌာနသို့ လျှောက်ထားသည့် လုပ်ငန်းလိုင်စင်လျှောက်လွှာတွင် အချက်အလက်များကို တိကျမှန်ကန်စွာ ဖြည့်စွက်တင်ပြရမည်။

(ခ) မှားယွင်းသော၊ မတိကျသော အချက်အလက်များ တင်ပြခြင်း၊ ပုဂ္ဂိုလ်ရေးမှတ်တမ်းများ၊ အချက်အလက်များကို ရည်ရွယ်ချက်ဖြင့် လိမ်လည်တင်ပြခြင်း၊ နောက်ဆက်တွဲ (က) သို့မဟုတ် နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည့် စံနှင့် သတ်မှတ်ချက်များနှင့် မကိုက်ညီသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို တင်ပြခြင်း၊ လုပ်ငန်းလိုင်စင်အတွက် တရားမဝင်သော ထောက်ခံချက်များ တင်ပြခြင်းအပါအဝင် လျှောက်လွှာပါအချက်အလက်များကို လိမ်လည်တင်ပြခြင်း မပြုရ၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာကြေးကို လုပ်ငန်းလိုင်စင်လျှောက်ထားချိန်တွင် တစ်ပါတည်း ပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့သည်-

(က) လူပုဂ္ဂိုလ်အား လုပ်ငန်းလိုင်စင်ထုတ်ပေးရန် စိစစ်ရာတွင် ယင်းပုဂ္ဂိုလ်၏ ပညာရေးဆိုင်ရာ သက်သေခံမှတ်တမ်း၊ သင်တန်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများအပြင် လိုအပ်ပါက လူတွေ့မေးမြန်းခြင်းအပေါ်တွင် အခြေခံရမည်။

(ခ) အဖွဲ့အစည်းအား လုပ်ငန်းလိုင်စင်ထုတ်ပေးရန် စိစစ်ရာတွင် ယင်းအဖွဲ့အစည်း၏ စီမံအုပ်ချုပ်ရေးကောင်းမွန်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို အပြည့်အဝလိုက်နာမှု၊ အဖွဲ့အစည်းရှိ အဓိကအကြံပေးပုဂ္ဂိုလ်များ၏ ပညာရေးဆိုင်ရာ သက်သေခံမှတ်တမ်း၊ သင်တန်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများအပြင် လိုအပ်ပါက လူတွေ့မေးမြန်းခြင်းအပေါ်တွင် အခြေခံရမည်။

(ဂ) အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) အရ စိစစ်ပြီးနောက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်နိုင်ရန် ဦးစီးဌာနသို့ အကျိုးအကြောင်း ဖော်ပြချက်များဖြင့် အကြံပြုတင်ပြရမည်။

၉။ ဦးစီးဌာနသည် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) အရ အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော လျှောက်ထားသူအား နောက်ဆက်တွဲ (က) ပါ တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် သတ်မှတ်ချက်များ ပြည့်မီကြောင်း စိစစ်တွေ့ရှိရပါက တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် ပြင်ဆင်လျှောက်ထားရန် အကြောင်းကြားနိုင်သည်။

၁၀။ ဦးစီးဌာနသည် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) အရ အကြံပေးအဖွဲ့အမျိုးအစား (က) အတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော လျှောက်ထားသူအား နောက်ဆက်တွဲ (ခ) ပါ အကြံပေးအဖွဲ့အမျိုးအစား (ခ) အတွက် သတ်မှတ်ချက်များပြည့်မီကြောင်း စိစစ်တွေ့ရှိရပါက အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ် ပြင်ဆင်လျှောက်ထားရန် အကြောင်းကြားနိုင်သည်။

၁၁။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့က လုပ်ငန်းလိုင်စင်လျှောက်လွှာကို အကြံပြု တင်ပြပြီးနောက် အလုပ်လုပ်ရက် ရက်ပေါင်း ၆၀ အတွင်း လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန် အပြီးသတ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းဟု ဝန်ကြီးဌာနက အတည်ပြုလက်ခံလျှင် ဦးစီးဌာနသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၃။ လုပ်ငန်းလိုင်စင်လျှောက်ထားသူ တစ်ဦးချင်းဖြစ်စေ အဖွဲ့အစည်းတစ်ခုချင်းဖြစ်စေ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေးကို လိုင်စင်ထုတ်ပေးခြင်း မပြုမီ ပေးသွင်းရမည်။

၁၄။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော၊ ထူးခြားသော အကြောင်းခြင်းရာရှိသည့် ဒေသခံလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် စီမံကိန်း အဆိုပြုသူကဖြစ်စေ စီမံကိန်းကြောင့်ထိခိုက်ခံစားရသူကဖြစ်စေ တင်ပြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခုသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန် နောက်ဆက်တွဲ (က) သို့မဟုတ် နောက်ဆက်တွဲ (ခ) ပါ စံနှင့် သတ်မှတ်ချက်များ အပေါ် အခြေခံ၍ လုံလောက်သောအထောက်အထားများတင်ပြပြီး အရည်အချင်း ပြည့်မီကြောင်း အပြည့်အဝ အာမခံနိုင်ခြင်း၊ တာဝန်ယူနိုင်ခြင်းရှိသည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက် များအပေါ် အောင်မြင်ပြီးမြောက်အောင် စွမ်းဆောင်နိုင်ခြင်း၊ တည်ဆဲဥပဒေများကို အပြည့်အဝ လေးစားလိုက်နာခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်မှု မြှင့်တင်နိုင်ခြင်းအပြင် စီမံကိန်း လုပ်ငန်းများကြောင့် ဒေသခံပြည်သူများနှင့် အခြားပါဝင်ပတ်သက်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ခံစားရမှုကို တတ်နိုင်သမျှ လျှော့ချပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိသည်ဟု ဝန်ကြီးဌာန က စိစစ်သုံးသပ်ပြီး ယုံကြည်စိတ်ချရလျှင် အဆိုပါအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခုအား ယင်းစီမံကိန်းအတွက် အထူးခွင့်ပြုချက်ကို တစ်ကြိမ်သာ ထုတ်ပေးနိုင်သည်။

## ၂.၂ အထူးလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် စိစစ်ထုတ်ပေးခြင်း

၁၅။ (က) မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းဖြစ်စေ၊ ဝန်ကြီးဌာနက သီးခြားအနေဖြင့် စဉ်းစားသင့်သော အထူးစီမံကိန်း ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက လက်လှမ်းမမီသော ပညာရပ် နယ်ပယ်များ ပါဝင်သည့် စီမံကိန်းဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်း နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းက ပူးပေါင်း လေ့လာဆန်းစစ်ခြင်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းဖြစ်စေ လေ့လာဆန်းစစ်နိုင်

ရန် တတိယအဖွဲ့အစည်းသည် စီမံကိန်းတစ်ခုချင်းအတွက် အထူးလုပ်ငန်းလိုင်စင်ကို ပုံစံ (ဂ) တွင် ပြည့်စုံစွာ ဖြည့်သွင်းပြီး ဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားသည့် တတိယအဖွဲ့အစည်း၏ အထူးလုပ်ငန်းလိုင်စင် လျှောက်လွှာနှင့် အထောက်အကူပြုစာရွက်စာတမ်းများအပေါ် အခြေခံစိစစ်၍ သင့်လျော်မှုမရှိဟု ယူဆလျှင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် လျှောက်ထားသည့် အထူးလုပ်ငန်းလိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အထူးလုပ်ငန်းလိုင်စင်လျှောက်လွှာ ငြင်းပယ်ခြင်းခံရသော လျှောက်ထားသည့် တတိယအဖွဲ့အစည်းအား ချို့ယွင်းချက်များကို ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုစေပြီးနောက် အထူးလုပ်ငန်းလိုင်စင် ပြန်လည် လျှောက်ထားခွင့်ပြုနိုင်သည်။

(ဃ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာကြေးကို အထူးလုပ်ငန်းလိုင်စင် လျှောက်ထားချိန်တွင် တစ်ပါတည်း ပေးသွင်းရမည်။

၁၆။ ဦးစီးဌာနသည် အထူးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းအပေါ် အထူးလုပ်ငန်းလိုင်စင် ထုတ်ပေးရန် သင့် မသင့် သုံးသပ်တင်ပြရန် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့အား တာဝန်ပေးအပ်ရမည်။

၁၇။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ အပိုဒ် (၈) အပိုဒ်ခွဲ (ခ) ပါသတ်မှတ်ချက်များနှင့်အညီ ကနဦးစိစစ်တင်ပြချက်အရ အထူးလုပ်ငန်းလိုင်စင် လျှောက်ထားသည့် တတိယအဖွဲ့အစည်းက အောက်ပါအချက်များနှင့်ကိုက်ညီလျှင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အထူးလုပ်ငန်းလိုင်စင်ကို ထုတ်ပေးနိုင်သည်-

(က) နောက်ဆက်တွဲ (ခ) ပါ စံနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အရည်အချင်းပြည့်မီကြောင်း အပြည့်အဝ အာမခံနိုင်ခြင်း၊

(ခ) လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို တာဝန်ယူနိုင်ခြင်းရှိသည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များအပေါ် အောင်မြင်ပြီးမြောက်အောင် စွမ်းဆောင်နိုင်ခြင်း၊

(ဂ) တည်ဆဲဥပဒေများကို အပြည့်အဝ လေးစားလိုက်နာခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်မှု မြှင့်တင်နိုင်ခြင်း။

၁၈။ အထူးလုပ်ငန်းလိုင်စင်လျှောက်ထားသည့် တတိယအဖွဲ့အစည်းသည် ဦးစီးဌာနက အပိုဒ် ၁၇ အရ အထူးလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းမပြုမီ ဝန်ကြီးဌာနက သတ်မှတ်သော အထူးလုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းရမည်။

၁၉။ ဦးစီးဌာနသည် အပိုဒ် ၁၅ အပိုဒ်ခွဲ (က) ပါ ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ လေ့လာဆန်းစစ်ရန် အထူးလုပ်ငန်းလိုင်စင်သက်တမ်းကာလကို သင့်လျော်သလို သတ်မှတ်ပေးနိုင်သည်။

၂၀။ ဦးစီးဌာနသည် အထူးလုပ်ငန်းလိုင်စင်လျှောက်ထားသည့် တတိယအဖွဲ့အစည်းအား သတ်မှတ်ထားသည့် အထူးလုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး အထူးလုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။ အထူးလုပ်ငန်းလိုင်စင်ကို ကိစ္စရပ်တစ်ခုအတွက် တစ်ကြိမ်သာ ထုတ်ပေးရမည်။

## ၂.၃ လုပ်ငန်းလိုင်စင် အမျိုးအစားပြောင်းလဲလျှောက်ထားခြင်း နှင့် စိစစ်ထုတ်ပေးခြင်း

၂၁။ (က) တွဲဖက်အကြံပေးပုဂ္ဂိုလ်သည် လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အကြံပေးပုဂ္ဂိုလ်သို့ဖြစ်စေ၊ အကြံပေးအဖွဲ့အမျိုးအစား (ခ) သည် အကြံပေးအဖွဲ့အမျိုးအစား (က) သို့ ဖြစ်စေ ပြောင်းလဲလျှောက်ထားလိုပါက အပိုဒ် ၃ နှင့် ၄ ပါ လုပ်ငန်းစဉ်ပါအတိုင်း ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် အမျိုးအစားပြောင်းလဲရန် အရည်အချင်းပြည့်မီကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ရှိလုပ်ငန်းလိုင်စင် အမျိုးအစားကို ပယ်ဖျက်ပြီး လုပ်ငန်းလိုင်စင်အမျိုးအစားသစ်ကိုထုတ်ပေးရမည်။ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲရန် အရည်အချင်းပြည့်မီခြင်း မရှိဟု စိစစ်တွေ့ရှိပါက ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် လျှောက်ထားသည့် လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲလျှောက်ထားမှုနှင့် စပ်လျဉ်း၍ အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခံထားရခြင်းရှိ မရှိနှင့် ယခင်ဆောင်ရွက်ခဲ့သည့် အရည်အသွေးနှင့် ချို့ယွင်းချက်များကိုပါ ထည့်သွင်းစဉ်းစားရမည်။

(ဃ) လျှောက်ထားသူသည် လုပ်ငန်းလိုင်စင် အမျိုးအစားပြောင်းလဲရန် ငြင်းပယ်ခြင်းခံရပါက လက်ရှိလုပ်ငန်းလိုင်စင်အမျိုးအစားကိုပင် သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်ကိုင်ဆောင်နိုင်သည်။

## ၂.၄ လုပ်ငန်းလိုင်စင်သက်တမ်း၊ သက်တမ်းတိုးလျှောက်ထားခြင်း နှင့် စိစစ်ထုတ်ပေးခြင်း

၂၂။ လုပ်ငန်းလိုင်စင်သက်တမ်းသည် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့် နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၂၃။ (က) လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် လျှောက်လွှာများကို လျှောက်လွှာကြေးနှင့်အတူ လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီ သုံးလ ကြိုတင်၍ ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ တင်ပြလျှောက်ထားခြင်း မရှိပါက လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးချိန်တွင် လိုင်စင်ပျက်ပြယ်ပြီး ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်အသစ်ကို ပြန်လည်လျှောက်ထားရမည်။

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားရာတွင် ပုံစံ (က) သို့မဟုတ် ပုံစံ (ခ) နှင့်အညီ တင်ပြရမည်။ အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေး အဖွဲ့အမျိုးအစား (ခ) သည် လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း အတွက် ပုံစံ(ခ) ၏ နောက်ဆက်တွဲ (ခ-၄)၊ (ခ-၅)၊ (ခ-၆)နှင့် (ခ-၇) တို့ကို မတင် ပြဘဲ နေလိုက နေနိုင်သည်။

(ဃ) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခံထားရခြင်း ရှိ မရှိနှင့် ယခင်ဆောင်ရွက်ခဲ့သည့် အရည်အသွေးနှင့် ချို့ယွင်းချက်များကို ထည့်သွင်း စဉ်းစားရမည်။

(င) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့အား လျှောက်ထားသူက တင်ပြသော လုပ်ငန်းလိုင်စင်လျှောက်လွှာနှင့် အထောက်အကူပြု စာရွက်စာတမ်းများကို အလုပ်လုပ်ရက် ရက်ပေါင်း ၃၀ အတွင်း စိစစ်သုံးသပ်တင်ပြစေပြီး ယင်းတင်ပြချက် အပေါ် မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(စ) ဦးစီးဌာနသည်-

(၁) လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဝန်ကြီးဌာနကခွင့်ပြုလျှင် လျှောက်ထားသူ အား သက်တမ်းတိုးကြေးပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်း တိုးပေးရ မည်။

(၂) လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဝန်ကြီးဌာနက ငြင်းပယ်လျှင် ယင်း ဆုံးဖြတ် ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၄။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် စိစစ်သည့်ကာလသည် မည်သို့ပင်ရှိစေကာမူ သက်တမ်းတိုးလိုက်သည့် လုပ်ငန်းလိုင်စင်သည် လုပ်ငန်းလိုင်စင်ဟောင်း သက်တမ်းကုန်ဆုံး သည့်ရက်၏ နောက်တစ်ရက်မှစတင်၍ အကျုံးဝင်သည်။ သက်တမ်းတိုးသည့် လုပ်ငန်းလိုင်စင် ၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။

၂၅။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း နှင့်စပ်လျဉ်း၍-

(က) ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်တွင် စဉ်ဆက်မပြတ် တိုးတက်မှု ရှိ မရှိ အကဲဖြတ်ရန် လျှောက်ထားသူက တင်ပြသည့်လျှောက်လွှာပါ အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်နှင့် အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေး အဖွဲ့အမျိုးအစား (ခ) ပါ အဓိကအကြံပေးပုဂ္ဂိုလ်များ၏ ပညာရှင်အဆင့် သင်တန်း တက်ရောက်မှုအပါအဝင် အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်မှုနာရီကိုပါ ထည့်သွင်းစဉ်းစားရမည်။

(ခ) ဝန်ကြီးဌာနသည် ဦးစီးဌာနက တင်ပြသည့် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

## ၂.၅ ကနဦးစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုင်စင်အပေါ် စိစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

၂၆။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်လွှာများကို စိစစ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းပြုလုပ်၍ အရည်အချင်းပြည့်မီသော လျှောက်ထားသူများအား လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရေးအတွက် စိစစ်ပြီးအကြံပြုတင်ပြရန်နှင့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူများအား စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြရန် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့ကို ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အောက် မနိမ့်သော အကြီးတန်းအရာရှိတစ်ဦးက လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး သင့်လျော်သော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာထမ်းများဖြင့် ဖွဲ့စည်းရမည်။

၂၇။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်လျှောက်လွှာများကို စိစစ်သုံးသပ်၊ အကဲဖြတ်ရာတွင် လိုအပ်ပါက ဆက်စပ်ဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား ဌာနအကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဖိတ်ကြား၍ အကြံပြုချက်ရယူနိုင်သည်။ လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့တွင် လိုအပ်သော စိစစ်သူပညာရှင်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဖိတ်ကြား၍ အကြံပြုချက်ရယူနိုင်သည်။

၂၈။ လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန် လျှောက်ထားရာတွင် ပုံစံ (က) သို့မဟုတ် ပုံစံ (ခ) တွင် ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိနှင့် အပိုဒ် ၄ အရ ညီညွတ်မှု ရှိ မရှိ ဦးစီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ထုတ်ပေးရေး စိစစ်ရာတွင် အထောက်အပံ့ဖြစ်စေရေးအတွက် လုပ်ငန်းလိုင်စင် လျှောက်ထားသူ၏ ပညာရပ်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် ယုံကြည်စိတ်ချရခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ လျင်မြန်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ရမှု လွယ်ကူခြင်း ရှိ မရှိ အကဲဖြတ်နိုင်ရန် ဌာနတွင်းစိစစ်သုံးသပ်ရေးဝန်ထမ်းများနှင့် စီမံကိန်းအဆိုပြုသူထံမှ ရရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်လျှောက်ထားသူ တင်ပြသည့် လုပ်ငန်းလိုင်စင်လျှောက်လွှာနှင့် အထောက်အကူပြု စာရွက်စာတမ်းများအပေါ် မှန်ကန်မှု ရှိ မရှိနှင့် သတ်မှတ်အရည်အချင်း ပြည့်မီမှု ရှိ မရှိ စိစစ်အကဲဖြတ်နိုင်ရေးအတွက် လိုအပ်ပါက လူတွေ့စစ်ဆေးခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲရန် လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် လျှောက်ထားခြင်း

အတွက် စိစစ်ပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(င) ကနဦးစိစစ်ရေးအဖွဲ့က တင်ပြသည့် စောင့်ကြပ်စစ်ဆေးအကဲဖြတ်ရလဒ်အပေါ် အခြေခံ၍ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူအပေါ် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(စ) လုပ်ငန်းလိုင်စင်နှင့် အထူးလုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၉။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ စိစစ်ခြင်းလုပ်ငန်းကို အထောက်အကူပြုရန် ဌာနမှ ကျွမ်းကျင်သူဝန်ထမ်းများနှင့် လိုအပ်ပါက ပြင်ပကျွမ်းကျင်သူ ပညာရှင်များဖြင့် ကနဦးစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ကနဦးစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းအတွက် ပုံစံ (က) သို့မဟုတ် ပုံစံ (ခ) ပါ လျှောက်လွှာပုံစံများဖြင့် လျှောက်ထားသူက တင်ပြသည့် လုပ်ငန်းလိုင်စင်လျှောက်လွှာအပေါ် ပြည့်စုံမှု ရှိ မရှိ စိစစ်ခြင်း၊

(၂) လုပ်ငန်းလိုင်စင် ရယူရန်၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲရန်နှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် လျှောက်ထားလာသည့် လုပ်ငန်းလိုင်စင် လျှောက်လွှာများသည် အပိုဒ် ၇ ပါ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက အဆိုပါ လုပ်ငန်းလိုင်စင်လျှောက်လွှာများကို လိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံအောင် ဆောင်ရွက်ပြီးနောက် ပြန်လည်တင်ပြနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားခြင်း၊

(၃) လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ လုပ်ငန်းလိုင်စင်အမျိုးအစားပြောင်းလဲခြင်းနှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းအတွက် နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) အချက်အလက်များနှင့်အညီ တင်ပြသည့် လျှောက်လွှာကို နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရန်နှင့် လျှောက်ထားသူ၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သီးခြားလုပ်ငန်းအတွေ့အကြုံများနှင့် စပ်လျဉ်း၍ ၎င်းပါဝင်ရေးသားပြုစုထားသည့် အစီရင်ခံစာများအပေါ် စိစစ်သုံးသပ်အကဲဖြတ်ခြင်း၊

(၄) လုပ်ငန်းလိုင်စင်ရယူရန်၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ်

လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များကို လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၅) လုပ်ငန်းလိုင်စင်ရယူခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်အမျိုးအစား ပြောင်းလဲရယူခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း ဆောင်ရွက်ထားသည့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူအပေါ် လုပ်ငန်းလိုင်စင်သက်တမ်း ပထမနှစ် နှင့် ဒုတိယနှစ်တွင် တစ်ကြိမ်စီ စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း၊

(၆) စဉ်ဆက်မပြတ် စိစစ်သုံးသပ်နိုင်ရေးအတွက် ရရှိလာသည့် စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း ရလဒ်အပေါ် စိစစ်သုံးသပ်၍ အပိုဒ် ၃၃ ပါ လုပ်ငန်းလိုင်စင်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိရပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၇) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## ၂.၆ လျှောက်လွှာကြေးနှင့် လုပ်ငန်းလိုင်စင်ကြေး

၃၀။ ဝန်ကြီးဌာနသည် လိုင်စင်လျှောက်ထားခြင်းအတွက် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးတို့ကို သတ်မှတ်ပြီး အများပြည်သူသို့ အသိပေးထုတ်ပြန်ကြေညာရမည်။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးကြေးတို့ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်ပြီး အများပြည်သူသို့ အသိပေးထုတ်ပြန် ကြေညာရမည်။

၃၁။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် မိမိရယူထားသည့် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေးကို ဦးစီးဌာနက လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုမီ ပေးသွင်းရမည်။ ထို့အပြင် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးများကို ပေးသွင်းရမည်။

၃၂။ လျှောက်ထားသူသည် လုပ်ငန်းလိုင်စင်လျှောက်လွှာကြေး သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်လျှောက်လွှာကြေးကို မည်သည့်အကြောင်းပြချက်နှင့်မျှ ပြန်လည် ထုတ်ယူခွင့်မရှိစေရ။

## ၂.၇ လုပ်ငန်းလိုင်စင် သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ခြင်း

၃၃။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက ဖြစ်စေ၊ အထူးလုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းကဖြစ်စေ အောက်ပါလုပ်ငန်းလိုင်စင် သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရာတွင် မှားယွင်းသော အချက်အလက်နှင့် နည်းစနစ်များ ကိုးကားအသုံးမပြုရ၊

(ခ) တတိယအဖွဲ့အစည်းများအတွက် လုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံ (ခ) သို့မဟုတ် တတိယအဖွဲ့အစည်းများအတွက် အထူးလုပ်ငန်းလိုင်စင်လျှောက်လွှာ ပုံစံ (ဂ) တွင် ဖော်ပြထားသည့် အချက်အလက်များ ပြောင်းလဲမှု တစ်စုံတစ်ရာရှိပါက ပြောင်းလဲသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဦးစီးဌာနသို့ စာဖြင့် တင်ပြရမည်၊

(ဂ) တစ်ဆင့်ခံအချက်အလက်များ ကောက်ယူရာတွင် မှန်ကန်မှု မရှိသော သတင်းအချက်အလက်များကို ရည်ရွယ်ချက်ဖြင့် ကိုးကား အသုံးမပြုရ၊

(ဃ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲပြုစုရာတွင် အခြားအစီရင်ခံစာပါ အချက်အလက်များကို တိုက်ရိုက်ကူးယူ ဖော်ပြ၍ဖြစ်စေ၊ အခြားသော မသမာသည့် နည်းလမ်းတစ်ခုခုကို အသုံးပြု၍ဖြစ်စေ ပြုစုတင်ပြခြင်း မပြုရ၊

(င) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များကို အမှန်တကယ် ဆောင်ရွက်ထားမှုမရှိဘဲ တင်ပြခြင်း မပြုရ၊

(စ) ကောက်ယူထားသည့် အခြေပြုအချက်အလက်များ၏ အရည်အသွေးရလဒ်များနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဆင့် ဓာတ်ခွဲခန်းများ သို့မဟုတ် အရည်အသွေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုမှ အသိအမှတ်ပြုလက်မှတ်ရရှိထားသော ဓာတ်ခွဲခန်းများတွင် စိစစ်အတည်ပြုချက် ရယူထားမှုမရှိဘဲ ယင်းဓာတ်ခွဲခန်း ရလဒ်များကို တမင်ကြံရွယ်ချက်ဖြင့် မမှန်မကန်တင်ပြခြင်း မပြုရ၊

(ဆ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသော တိုင်းတာစစ်ဆေးထားသည့် အချက်အလက်များကို လက်တွေ့ကွင်းဆင်းကောက်ယူခြင်း မပြုဘဲ မမှန်မကန် တင်ပြခြင်း မပြုရ၊

(ဇ) အကျိုးစီးပွားရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ မည်သည့် လာဘ်လာဘ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအကျိုးအမြတ် တစ်ခုခုကိုမျှ လက်ခံရယူခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ၊

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ကဏ္ဍအလိုက် လမ်းညွှန်ချက်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် အသိအမှတ်ပြုလက်ခံကျင့်သုံးလျက်ရှိသော စံချိန်စံညွှန်းများနှင့် အညီ ဦးစီးဌာနက ပြင်ဆင်တင်ပြရန် အကြောင်းကြားထားသည့် သဘောထားမှတ်ချက်များကို အလေးဂရုပြု၍ သတ်မှတ်ရက်အတွင်း ပြင်ဆင်တင်ပြရန်နှင့် ပြင်ဆင်ရန်မလိုကြောင်း ကျိုးကြောင်းခိုင်လုံပါက ဦးစီးဌာနသို့ အချိန်မီ ပြန်လည်ရှင်းလင်းတင်ပြရမည်၊

(ည) ဦးစီးဌာနက တရားဝင်အသိအမှတ်ပြု ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်ကို မသမာသောနည်းလမ်းဖြင့် အသုံးမပြုရ၊

(ဋ) အပိုဒ် ၄၆ ပါ ကျင့်ဝတ်များကို လိုက်နာရမည်၊

(ဌ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ကိုယ်စား လေ့လာဆန်းစစ်ရေးသားခြင်း မပြုရ၊

(ဍ) မိမိကိုယ်တိုင် လေ့လာဆန်းစစ်ရေးသားခြင်းမပြုသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖြစ်စေ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်ဖြစ်စေ အမည်ခံဖော်ပြခြင်း သို့မဟုတ် ဖော်ပြခွင့်ပြုခြင်း မပြုရ၊

(ဎ) ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းနှင့်ဆက်စပ်သည့် မည်သည့်လေ့လာဆန်းစစ်မှု ကိုမဆို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း မရှိဘဲ အမည်ခံဆောင်ရွက်ခြင်း မပြုရ။

၃၄။ (က) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူကဖြစ်စေ၊ အထူးလုပ်ငန်းလိုင်စင် ကိုင်ဆောင် ထားသော တတိယအဖွဲ့အစည်းကဖြစ်စေ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ လက်ခံဆောင်ရွက်ရာတွင်-

(၁) စီမံကိန်းအဆိုပြုသူနှင့် လုပ်ငန်းအပ်နှံသဘောတူညီချက်စာချုပ်ကို စနစ်တကျ ချုပ်ဆိုဆောင်ရွက်ရမည်။

(၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် လိုအပ်သော စီမံကိန်းနှင့် ဆက်စပ် သည့် မှန်ကန်သော သတင်းအချက်အလက်များကို စီမံကိန်း အဆိုပြုသူထံမှ ရယူရမည်။

(၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အပိုဒ် ၄၆ ပါ ကျင့်ဝတ်နှင့်အညီ အခြေပြုအချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ လုံလောက်သော ဆန်းစစ်လေ့လာမှု၊ စိစစ်သုံးသပ်မှုနှင့် အစီရင်ခံစာ ရေးသား ပြုစုခြင်းတို့ကို ဆောင်ရွက်ရမည်။

(၄) မိမိတာဝန်ယူထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်း များကို ပြီးဆုံးအောင်မြင်သည်အထိ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) မည်သူမဆို အပိုဒ်ခွဲ (က) နှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိပါက ခိုင်လုံသော အချက် အလက်များကို ပြည့်စုံစွာ ဖော်ပြ၍ ဦးစီးဌာနသို့ တိုင်ကြားနိုင်သည်။

## ၂.၈ စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း

၃၅။ ကနဦးစိစစ်ရေးအဖွဲ့သည် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက အပိုဒ် ၃၃ ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်း ရှိ မရှိ

၎င်းအား လုပ်ငန်းလိုင်စင်ထုတ်ပေးပြီး ပထမနှစ်နှင့် ဒုတိယနှစ်တွင် ပုံမှန်စောင့်ကြပ်စစ်ဆေး အကဲဖြတ်ခြင်းကို တစ်ကြိမ်စီ ဆောင်ရွက်ရမည်။

၃၆။ ဦးစီးဌာနသည် ပုံမှန်စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်ရန်ဖြစ်စေ၊ လုပ်ငန်း လိုင်စင်ကိုင်ဆောင်ထားသူနှင့်ပတ်သက်၍ တိုင်ကြားမှု တစ်စုံတစ်ရာ လက်ခံရရှိလျှင်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာ စိစစ်တွေ့ရှိရလျှင်ဖြစ်စေ စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်ရန် ကနဦးစိစစ်ရေးအဖွဲ့ကိုသော်လည်းကောင်း၊ ဦးစီးဌာန၏ရုံးချုပ်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာရုံးများမှ အရာရှိများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုသော်လည်းကောင်း၊ ယင်းအဖွဲ့ နှစ်ဖွဲ့ကို ပူးပေါင်း၍သော်လည်းကောင်း လိုအပ်သလို တာဝန်ပေးအပ်နိုင်သည်။

၃၇။ ဦးစီးဌာနသည် စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းကို ဆောင်ရွက်ရာတွင်-

(က) ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူထားသည့် ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက်အထားများကို ရယူခြင်း၊ မိတ္တူကူးခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် ဦးစီး ဌာနက လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။

(ခ) လုပ်ငန်းခွင်နေရာများ၊ အထောက်အကူပြု ပစ္စည်းများ၊ တိုင်းတာရေး ပစ္စည်းများ နှင့်ကွန်ပျူတာများ၊ မှတ်တမ်းထိန်းသိမ်းထားရှိရာနေရာများ၊ စာရွက်စာတမ်း အထောက်အထားများ၊ အခြားမီဒီယာနှင့် အခြေပြုအချက်အလက် စုဆောင်း သိမ်းဆည်းမှု စနစ်များ၊ ပုံစံများအပါအဝင် လိုအပ်သည်များကို စစ်ဆေးနိုင်သည်။

၃၈။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူသည်-

(က) ပုံမှန်စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းအပါအဝင် တိုင်ကြားချက်အရဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် တွေ့ရှိချက်အရဖြစ်စေ စစ်ဆေးရန် တာဝန်ရှိသူ၏ စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဝင်ရောက် စစ်ဆေးခြင်းကို ခွင့်ပြုရမည်၊

(ခ) စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်မည့် လုပ်ငန်းခွင်နေရာများသို့ သွားရောက်စစ်ဆေးခြင်း ပြုလုပ်ရသည့် ကုန်ကျစရိတ်ကို ကျခံရမည်။

၃၉။ အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းသည်-

(က) တိုင်ကြားချက်အရဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ သံသယ ဖြစ်ဖွယ် တွေ့ရှိချက်အရဖြစ်စေ ဦးစီးဌာန၏ ခွင့်ပြုချက်အရ စစ်ဆေးရန် တာဝန် ရှိသူ၏ ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်၊

(ခ) စစ်ဆေးရန် တာဝန်ရှိသူ၏ အပိုဒ် ၃၇ နှင့်အညီ စစ်ဆေးခြင်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(ဂ) လုပ်ငန်းခွင်နေရာများသို့ သွားရောက်စစ်ဆေးခြင်းပြုလုပ်ရသည့် ကုန်ကျစရိတ်ကို ကျခံရမည်။

## ၂.၉ ကန့်သတ်ချက်အဖြစ် မှတ်ယူခြင်း

၄၀။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်း၏ အချက်အလက်နှင့် စာရွက်စာတမ်းအားလုံးကို ကန့်သတ်အဆင့်အဖြစ် ထိန်းသိမ်းထားရမည်။ စီမံကိန်းအဆိုပြုသူနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများကဲ့သို့သော စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သည့် အချက်အလက်အသုံးပြုသူများက လုံလောက်သော အကြောင်းပြချက်ဖြင့် တောင်းခံလာလျှင် လိုအပ်သော သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ဦးစီးဌာနသည် ယင်းလုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို သင့်လျော်သော နည်းလမ်းဖြင့် ထုတ်ပြန်ပေးနိုင်သည်။

## အခန်း (၃)<br>လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့်သတ်မှတ်ချက်များ

## ၃.၁ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၄၁။ လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့်သတ်မှတ်ချက်များမှာ နောက်ဆက်တွဲ (က)နှင့် နောက်ဆက်တွဲ (ခ) ပါအတိုင်း ဖြစ်သည်။

၄၂။ အကြံပေးအဖွဲ့အမျိုးအစား (က) လုပ်ငန်းလိုင်စင်အတွက် လျှောက်ထားသည့် အဖွဲ့အစည်းတွင် အကြံပေးပုဂ္ဂိုလ် အနည်းဆုံးနှစ်ဦးကို အဓိကအကြံပေးပုဂ္ဂိုလ်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ အဓိကအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ထားသည့် အကြံပေးပုဂ္ဂိုလ်တစ်ဦးသည် ယင်းအဖွဲ့အစည်းကို တာဝန်ခံရမည်။

၄၃။ အကြံပေးအဖွဲ့အမျိုးအစား (ခ) လုပ်ငန်းလိုင်စင်အတွက် လျှောက်ထားသည့် အဖွဲ့အစည်းတွင် အကြံပေးပုဂ္ဂိုလ်ဖြစ်စေ၊ တွဲဖက်အကြံပေးပုဂ္ဂိုလ်ဖြစ်စေ အနည်းဆုံးနှစ်ဦးကို အဓိကအကြံပေးပုဂ္ဂိုလ်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။ အဓိကအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ထားသည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် တစ်ဦးသည် အဖွဲ့အစည်းကို တာဝန်ခံရမည်။

## ၃.၂ လုပ်ငန်းရာဇဝင်

၄၄။ မည်သည့်လုပ်ငန်းလိုင်စင် အမျိုးအစားအတွက်မဆို လျှောက်ထားသူသည် နောက်ဆက်တွဲ (ဂ) တွင် သတ်မှတ်ထားသော သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ မိမိတို့ပါဝင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရာဇဝင်ကို ဦးစီးဌာနသို့ တင်ပြရမည်။

## ၃.၃ ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းများ

၄၅။ အကြံပေးပုဂ္ဂိုလ်အဖြစ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်ရေးဆွဲမှုများ ဆောင်ရွက်ရန် လိုအပ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာအရည်အသွေးများကို တင်ပြနိုင်ရမည်။ အကြံပေးအဖွဲ့ အမျိုးအစား (က) အဖြစ် သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ် လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် အဖွဲ့အစည်းအား တာဝန်ခံမည့်အဓိကအကြံပေးပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ အရည်အချင်းများကို အလားတူတင်ပြနိုင်ရမည်။ တင်ပြရမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်း များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သဘောထားအမြင်၊ အယူအဆနှင့် အကြံဉာဏ်များကို နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ရှင်းရှင်းလင်းလင်းနှင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဖော်ပြနိုင်ခြင်း၊

(ခ) လူမှုဆက်ဆံရေး ကောင်းမွန်ခြင်း၊

(ဂ) အကြံပေးပုဂ္ဂိုလ်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် လွတ်လပ်စွာ ဆောင်ရွက် နိုင်ခြင်း၊ စိတ်အားထက်သန်စွာဆောင်ရွက်နိုင်ခြင်းနှင့် ဘက်မလိုက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ဆန်းစစ်မှုများကို ထိထိရောက်ရောက်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ပညာရှင်စုဖွဲ့မှုဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း၊

(င) လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပညာရှင်ပီသစွာ ဆုံးဖြတ်ပေးနိုင်ခြင်း၊

(စ) လေ့လာမှုများဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ နေရာ သို့မဟုတ် ဒေသ၏ ရိုးရာ အစဉ်အလာ၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများကို ဂရုပြုလေးစားလိုက်နာ၍ လိုက်လျောညီထွေ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း။

## ၃.၄ ကျင့်ဝတ်

၄၆။ လုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ အထူးလုပ်ငန်းလိုင်စင် ကိုင်ဆောင်ထား သော တတိယအဖွဲ့အစည်းကဖြစ်စေ အောက်ဖော်ပြပါ ကျင့်ဝတ်များကို သေချာစွာမှတ်သား လိုက်နာ၍ မိမိ၏အကြံပေးအသက်မွေးဝမ်းကျောင်း လုပ်ငန်းရပ်တည်ချက်ခိုင်မာတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) ပညာရှင်ပီသစွာ ဘက်လိုက်မှုအလျဉ်းမရှိဘဲ တိကျမှန်ကန်စွာပြုမူ ဆောင်ရွက်ရ မည်။

(ခ) ပတ်ဝန်းကျင်ဆန်းစစ်ခြင်းပညာရပ်နယ်ပယ်တွင် လုပ်ရည်ကိုင်ရည်နှင့် ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန် အစဉ်အမြဲ အားထုတ်ကြိုးပမ်းရမည်။

(ဂ) မိမိကြီးကြပ်မှုအောက်ရှိ လုပ်ဖော်ကိုင်ဖက်များ၏ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှု အတတ်ပညာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုးပေးရမည်။

(ဃ) အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်း သို့မဟုတ် အကျိုးစီးပွားပြိုင်ဆိုင်မှုရှိခြင်းတို့ကို ရှောင်ကြဉ်ပြီး အကြံပေးပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးနိုင်သည့် အလုပ်ရှင် သို့မဟုတ် အလုပ်အပ်နှံသူနှင့်ပတ်သက်မှု တစ်စုံတစ်ရာရှိပါက ထုတ်ဖော်ကြေညာရမည်။

(င) အကျိုးစီးပွားရှိနေသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်ပတ်သက်၍ မည်သည့် လာဘ်လာဘ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအကျိုးအမြတ် တစ်ခုခုကိုမျှ လက်ခံရယူခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်များ လက်ခံရယူခြင်း သို့မဟုတ် ပေးကမ်းခြင်းကိုလည်း သိလျက်နှင့် ခွင့်မပြုရ။

(စ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လေ့လာဆန်းစစ်ရန် သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သီးခြား ရေးဆွဲမှုတစ်ခုခု၏ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်စေမည့် မှားယွင်းသော သို့မဟုတ် လမ်းမှားရောက်စေမည့် မည်သည့်သတင်းအချက်အလက်ကိုမျှ တမင် ကြံရွယ်ချက်ဖြင့် ထုတ်ပြန်ပြောဆိုခြင်းမပြုရ။

(ဆ) ဝန်ကြီးဌာနနှင့် အလုပ်အပ်နှံသူအပါအဝင် အကျိုးသက်ဆိုင်သူများ၏ အမည်ဂုဏ် သတင်းကို ထိခိုက်နစ်နာစေမည့် မည်သည့်အပြောအဆို၊ အပြုအမူကိုမျှမပြုလုပ်ရ။

(ဇ) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေးကို ရှေးရှုလျက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် လက်တွေ့လုပ်ကိုင်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက် ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှု၊ ထိရောက်မှုနှင့် အရည်အသွေးတိုးတက်စေရန် အမြဲတစေ ကြိုးပမ်းဆောင်ရွက်ရမည်။

(ဈ) မိမိတာဝန်ယူထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ပြီးဆုံးအောင်မြင်သည်အထိ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၄)
## လုပ်ငန်းတာဝန် သတ်မှတ်ချက်များ

### ၄.၁ လေ့လာဆန်းစစ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ

၄၇။ စီမံကိန်းအဆိုပြုသူက တာဝန်ပေးအပ်ထားသည့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် အဆိုပြုစီမံကိန်း၏ ပတ်ဝန်းကျင် ဆိုင်ရာ အဓိကပြဿနာများနှင့် စပ်လျဉ်း၍ အပိုဒ် ၅၈၊ ၅၉၊ ၆၀ နှင့်အညီ လုံလောက်သော ကျွမ်းကျင်မှုကောင်းစွာရှိသည့် အဖွဲ့ခေါင်းဆောင်တစ်ဦး အပါအဝင် အကြံပေးပုဂ္ဂိုလ် အနည်းဆုံး

နှစ်ဦးနှင့် တွဲဖက်အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှု နယ်ပယ်အလိုက် ကျွမ်းကျင်သူများ လုံလောက်စွာ ပါဝင်စေလျက် လေ့လာဆန်းစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၈။ စီမံကိန်းအဆိုပြုသူက တာဝန်ပေးအပ်သည့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် အဆိုပြုစီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာများ နှင့်စပ်လျဉ်း၍ အပိုဒ် ၅၈၊ ၅၉၊ ၆၀ နှင့်အညီ လုံလောက်သော ကျွမ်းကျင်မှု ကောင်းစွာရှိသည့် အဖွဲ့ခေါင်းဆောင်တစ်ဦး ပါဝင်ရမည့်အပြင် ဤလုပ်ထုံးလုပ်နည်းအရ တွဲဖက်အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ် အနည်းဆုံး နှစ်ဦးနှင့် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှု နယ်ပယ်အလိုက် ကျွမ်းကျင်သူများ လုံလောက်စွာပါဝင်စေလျက် လေ့လာဆန်းစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၉။ စီမံကိန်းအဆိုပြုသူက တာဝန်ပေးအပ်သည့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူသည် လေ့လာဆန်းစစ်ရေးအဖွဲ့ကို နိုင်ငံခြားသား တတိယပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံခြားတတိယအဖွဲ့အစည်းက ဦးဆောင်စေပြီး ဖွဲ့စည်းထားပါက ယင်းအဖွဲ့တွင် အဆိုပြုစီမံကိန်းနှင့် သက်ဆိုင်သည့် နယ်ပယ်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာများနှင့် စပ်လျဉ်း၍ လုံလောက်သော ကျွမ်းကျင်မှု ကောင်းစွာရှိထားသည့် မြန်မာနိုင်ငံသားအကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အနည်းဆုံး သုံးပုံတစ်ပုံ ပါဝင်ရမည်။

၅၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅၅ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန်ဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၄ အရ ဝန်ကြီးဌာနက ရွေးချယ်သတ်မှတ်သော စီမံကိန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲရန်ဖြစ်စေ ဆောင်ရွက်မည့် လေ့လာဆန်းစစ်ရေးအဖွဲ့တွင် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အနည်းဆုံးနှစ်ဦး ပါဝင်ရမည်။

၅၁။ အပိုဒ် ၄၇ နှင့် ၄၈ တို့နှင့်အညီ သတ်မှတ်ထားသော အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အရေအတွက်ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် လေ့လာဆန်းစစ်ရေးအဖွဲ့သည်သာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ရန် အကျုံးဝင်သည်။

## ၄.၂ အကြံပေးပုဂ္ဂိုလ်

၅၂။ အကြံပေးပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များတွင် အောက်ပါလုပ်ငန်းများ ပါဝင်သည်-

(က) ပုံစံ (က) ၏ နောက်ဆက်တွဲ (က-၃) ပါ အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနာရီကို အမြဲတစေ ရယူခြင်း၊

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် အတည်ပြုထားသော လေ့လာမှုနယ်ပယ် သို့မဟုတ် အတည်ပြုထားသော

ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ်အခြေခံ၍ လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း၊

(ဂ) လေ့လာဆန်းစစ်ရေးအဖွဲ့တွင် ပါဝင်သော အထောက်အကူပြုအဖွဲ့ဝင်များကို လမ်းညွှန်မှုပေးခြင်း၊

(ဃ) အစီရင်ခံစာမူကြမ်းကို မိမိနှင့်သက်ဆိုင်သည့်အပိုင်းအလိုက် တာဝန်ယူပြုစုရေးသားခြင်းနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပြီးသတ်မူကြမ်းကို စေ့စပ်သေချာစွာစစ်ဆေးခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် ကျိုးကြောင်း ဆီလျော်သော တုံ့ပြန်ဖြေကြားမှုများ ပြုလုပ်ခြင်း၊

(စ) ဝန်ကြီးဌာနကဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကဖြစ်စေ၊ အခြားအကျိုးသက်ဆိုင်သူများထံမှဖြစ်စေ ရရှိသော အကြံပြုချက်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင်ပြုစုရေးသားခြင်း၊

(ဆ) အစီရင်ခံစာပါ အချက်အလက်များကို စီမံကိန်းအဆိုပြုသူ သိရှိနားလည်စေရန် ရှင်းလင်းခြင်း။

## ၄.၃ တွဲဖက်အကြံပေးပုဂ္ဂိုလ်

၅၃။ တွဲဖက်အကြံပေးပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များတွင် အောက်ပါလုပ်ငန်းများ ပါဝင်သည်-

(က) ပုံစံ (က) ၏ နောက်ဆက်တွဲ (က-၃) ပါ အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်မှုနာရီကို အမြဲတစေ ရယူခြင်း၊

(ခ) လေ့လာဆန်းစစ်ရေးအဖွဲ့တွင် တာဝန်ပေးအပ်ခြင်းခံရပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အား လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ရာတွင် ကူညီရန်နှင့် အကြံပေးပုဂ္ဂိုလ်၏ ကြီးကြပ်မှုဖြင့် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှုနယ်ပယ်များမှ ရွေးချယ်ထားသည့် နယ်ပယ်နှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ အစိတ်အပိုင်းများအနက် အနည်းဆုံး အစိတ်အပိုင်းတစ်ခုအား တာဝန်ယူပြုစု ရေးသားခြင်း၊

(ဂ) လေ့လာဆန်းစစ်ရေးအဖွဲ့တွင် ပါဝင်သော အထောက်အကူပြုအဖွဲ့ဝင်များကို လမ်းညွှန်မှုပေးခြင်း၊

(ဃ) အစီရင်ခံစာမူကြမ်းကို မိမိနှင့်သက်ဆိုင်သည့်အပိုင်းအလိုက် တာဝန်ယူပြုစုရေးသားခြင်းနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပြီးသတ်မူကြမ်းကို စေ့စပ်သေချာစွာစစ်ဆေးခြင်း၊

(င) ဝန်ကြီးဌာနကဖြစ်စေ၊ အခြားအကျိုးသက်ဆိုင်သူများထံမှဖြစ်စေ ရရှိသော အကြံပြုချက်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင်ပြုစုရေးသားခြင်း၊

(စ) အစီရင်ခံစာပါ အချက်အလက်များကို စီမံကိန်းအဆိုပြုသူ သိရှိနားလည်စေရန် ရှင်းလင်းခြင်း။

## ၄.၄ အကြံပေးအဖွဲ့အမျိုးအစား (က)

၅၄။ အကြံပေးအဖွဲ့အမျိုးအစား (က) ၏ အဓိကအကြံပေးပုဂ္ဂိုလ်များသည် အောက်ပါကိစ္စရပ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သည့် သက်ရောက်မှုများ ကောင်းစွာလွှမ်းခြုံထားသော အတည်ပြုထားသည့် လေ့လာမှုနယ်ပယ် သို့မဟုတ် အတည်ပြုထားသော ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားကို လေ့လာဆန်းစစ်ရေးဆွဲခြင်း၊

(ခ) တင်ပြမည့်အစီရင်ခံစာ၏ အစိတ်အပိုင်းအားလုံးကို မူကြမ်းရေးသားခြင်းနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပြီးသတ်မူကြမ်းကို သေချာစွာ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် ကျိုးကြောင်းဆီလျော်သော လက်သင့်ခံနိုင်သည့် တုံ့ပြန်ဖြေကြားခြင်း၊

(ဃ) ဝန်ကြီးဌာနကဖြစ်စေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကဖြစ်စေ၊ အခြားအကျိုးသက်ဆိုင်သူများထံမှဖြစ်စေ ရရှိသော အကြံပြုချက်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင်ပြုစုရေးသားခြင်း၊

(င) လေ့လာဆန်းစစ်ရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် ကြီးကြပ်ခြင်းနှင့် တာဝန်ခံခြင်း၊

(စ) အခြားအကြံပေးအဖွဲ့အစည်းများတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်မှု မပြုခြင်း။

၅၅။ အကြံပေးအဖွဲ့အမျိုးအစား (က) သည် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) အဖွဲ့အစည်းတွင် အပိုဒ် ၄၇ ပါ သတ်မှတ်ချက်နှင့်အညီ လေ့လာဆန်းစစ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အရေအတွက်နှင့် အရည်အသွေးရရှိရန် ဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့အစည်းမှ တာဝန်ပေးစေလွှတ်ထားသော လေ့လာဆန်းစစ်ရေးအဖွဲ့ဝင်ဖြစ်သည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်များအပြင် အထောက်အကူပြု အဖွဲ့ဝင်များအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊

(ဂ) လေ့လာဆန်းစစ်မှုရလဒ်များ၏ အရည်အသွေးထိန်းချုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ အပါအဝင် သတင်းအချက်အလက်များ ပေါင်းစပ်ညှိနှိုင်းရယူခြင်းနှင့် အစီရင်ခံစာ ရှင်းလင်းတင်ပြခြင်းတို့ကို ပြီးဆုံးသည်အထိ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဃ) အစီရင်ခံစာပါအချက်အလက်များကို စီမံကိန်းအဆိုပြုသူ သိရှိနားလည်စေရန် ရှင်းလင်းခြင်း။

## ၄.၅ အကြံပေးအဖွဲ့အမျိုးအစား (ခ)

၅၆။ အကြံပေးအဖွဲ့အမျိုးအစား (ခ) ၏ အဓိကအကြံပေးပုဂ္ဂိုလ်များသည် အောက်ပါကိစ္စရပ် များကို လိုက်နာဆောင်ရွက်ရမည်-

(က) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအပေါ် လေ့လာဆန်းစစ်ရေးဆွဲမှု ပြုလုပ်ခြင်း၊

(ခ) တင်ပြမည့်အစီရင်ခံစာ၏ အစိတ်အပိုင်းအားလုံးကို မူကြမ်းရေးသားခြင်းနှင့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပြီးသတ်မူကြမ်းကို သေချာစွာစစ်ဆေးခြင်း၊

(ဂ) ဝန်ကြီးဌာနကဖြစ်စေ၊ အခြားအကျိုးသက်ဆိုင်သူများထံမှဖြစ်စေ ရရှိသော အကြံပြုချက်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင် ပြုစုရေးသားခြင်း၊

(ဃ) လေ့လာဆန်းစစ်ရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များအပေါ် ကြီးကြပ်ခြင်းနှင့် တာဝန်ခံခြင်း၊

(င) အခြားအကြံပေးအဖွဲ့အစည်းများတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်မှု မပြုခြင်း။

၅၇။ အကြံပေးအဖွဲ့အမျိုးအစား (ခ) သည် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) အဖွဲ့အစည်းတွင် အပိုဒ် ၄၈ ပါ သတ်မှတ်ချက်နှင့်အညီ လေ့လာဆန်းစစ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့် တွဲဖက်အကြံပေးပုဂ္ဂိုလ် အရေအတွက်နှင့် အရည်အသွေး ရရှိရန်ဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့အစည်းမှ တာဝန်ပေးစေလွှတ်ထားသော လေ့လာဆန်းစစ်ရေးအဖွဲ့ဝင်ဖြစ်သည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်များအပြင် အထောက်အကူပြု အဖွဲ့ဝင်များအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊

(ဂ) လေ့လာဆန်းစစ်မှုရလဒ်များ၏ အရည်အသွေးထိန်းချုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အပါအဝင် သတင်းအချက်အလက်များ ပေါင်းစပ်ညှိနှိုင်းရယူခြင်းနှင့် အစီရင်ခံစာ ရှင်းလင်းတင်ပြခြင်းတို့ကို ပြီးဆုံးသည်အထိ တာဝန်ယူရန်၊

(ဃ) အစီရင်ခံစာပါအချက်အလက်များကို စီမံကိန်းအဆိုပြုသူ သိရှိနားလည်စေရန် ရှင်းလင်းခြင်း။

## ၄.၆ လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်

၅၈။ အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်သည် လေ့လာဆန်းစစ်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခွင့်ရှိပြီး အဖွဲ့ကိုဦးဆောင်ခဲ့ဖူးသည့် အတွေ့အကြုံ သို့မဟုတ် အဖွဲ့ကို ဦးဆောင်နိုင်သည့် ကျွမ်းကျင်မှုရှိရမည့်အပြင် အဖွဲ့ခေါင်းဆောင်သည် နောက်ဆက်တွဲ (က) ဇယားပါ အမှတ်စဉ် (၄) တွင် ဖော်ပြထားသည့်အဖွဲ့ကို ဦးဆောင်နိုင်မှုအတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအတွက် အကြံပေးပုဂ္ဂိုလ်၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအတွက် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် ဖြစ်ရမည်၊

(ခ) အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) က ဆောင်ရွက်သည့် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းဖြစ်ပါက အဖွဲ့အစည်းတွင် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်နေသူ ဖြစ်ရမည်၊

(ဂ) လေ့လာဆန်းစစ်မည့် စီမံကိန်းအတွက် အဓိကကျသော လေ့လာမှုနယ်ပယ်များ အနက် အနည်းဆုံးနှစ်ခုသည် မိမိလုပ်ငန်းလိုင်စင်ပါ ရွေးချယ်ထားသော ကျွမ်းကျင်မှု နယ်ပယ်များတွင် ပါဝင်ရမည်၊

(ဃ) လေ့လာဆန်းစစ်ခြင်း အဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိရမည်။

၅၉။ လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်သည် အဖွဲ့အတွင်းတွင် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်-

(က) သတ်မှတ်ထားသော လုပ်ငန်းရပ်များ၏ သဘောသဘာဝနှင့် လိုအပ်ချက်များအပေါ် အခြေခံလျက် အဖွဲ့ဝင်များရွေးချယ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူအား အကြံပြုထောက်ခံချက်ပေးခြင်း၊

(ခ) ရွေးချယ်လိုက်သော အဖွဲ့ဝင်များသည် သက်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို ဆောင်ရွက်ရန် အရည်အချင်း လုံလောက်စွာရှိကြောင်း တာဝန်ယူခြင်း၊

(ဂ) အဖွဲ့ဝင်များအား ပေါင်းစပ်ညှိနှိုင်း၍ တာဝန်များ ခွဲဝေသတ်မှတ်ပေးခြင်း၊

(ဃ) လေ့လာဆန်းစစ်ရေးအဖွဲ့၊ အဖွဲ့ဝင်များကို လိုအပ်သလို လမ်းညွှန်မှုပေးခြင်း၊

(င) လေ့လာဆန်းစစ်မှုရလဒ်နှင့် အစီရင်ခံစာ အရည်အသွေးထိန်းချုပ်ခြင်းကိစ္စရပ်များ ကို တာဝန်ခံခြင်း၊

(စ) လေ့လာဆန်းစစ်ရေးအဖွဲ့၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်း ကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်မှုလုပ်ငန်းကို ပညာရှင်ပီသစွာ ဘက်လိုက်မှုအလျဉ်းမရှိဘဲ တိတိကျကျနှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရေး အတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား အတွက် အတည်ပြုထားသော လေ့လာမှုနယ်ပယ် သို့မဟုတ် အတည်ပြုထားသော ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြီးပြည့်စုံအောင် လေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း၊

(ဇ) အစီရင်ခံစာမူကြမ်းကို ကြီးကြပ်၍ တာဝန်ယူပေါင်းစပ်ပြုစုခြင်း၊

(ဈ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အစည်းအဝေး သို့ မပျက်မကွက် တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် ကျိုးကြောင်းဆီလျော် သော တုံ့ပြန်ဖြေကြားမှုများ ပြုလုပ်ခြင်းနှင့် ဆွေးနွေးအကြံပြုချက်များအပေါ် အခြေခံ၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည် သုံးသပ်ပြီး မွမ်းမံပြင်ဆင်ပြုစုရေးသားခြင်း။

၆၀။ အဖွဲ့ခေါင်းဆောင်သည် လေ့လာဆန်းစစ်ရေးအဖွဲ့၏ လေ့လာရေးသားခြင်းအားလုံးအပေါ် တာဝန်ခံရမည်။

၆၁။ အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) တွင် ပါဝင် လုပ်ကိုင်နေခြင်းမရှိသည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်ကို လေ့လာ ဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ပါက ၎င်းပုဂ္ဂိုလ်သည် အပိုဒ် ၅၈၊ ၅၉၊ ၆၀ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် လေ့လာဆန်းစစ်မှုရလဒ်များ၏ အရည်အသွေး

ထိန်းချုပ်ခြင်း အပါအဝင် သတင်းအချက်အလက်များ ပေါင်းစပ်ညှိနှိုင်းရယူခြင်းနှင့် အစီရင်ခံစာ ရှင်းလင်းတင်ပြမှုကို ပြီးဆုံးသည်အထိ မပျက်မကွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၆၂။ လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်သည် အဖွဲ့၏လုပ်ငန်းကို ဦးဆောင်၍ လေ့လာဆောင်ရွက်နေစဉ်အတွင်း အခြားလေ့လာဆန်းစစ်ရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ်ဖြစ်စေ၊ အဖွဲ့ဝင်အဖြစ်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

## ၄.၇ အထောက်အကူပြုအဖွဲ့ဝင်များ

၆၃။ ဦးစီးဌာနသည် လေ့လာဆန်းစစ်ရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအပြင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ရေးဆွဲရန် သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သီးခြားရေးဆွဲရန် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကျွမ်းကျင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ပံ့ပိုးကူညီပေးရန် အထောက်အကူပြုအဖွဲ့ဝင်များ ပါဝင်ခြင်းကိုလည်း ခွင့်ပြုနိုင်သည်။ အောက်ပါ အထောက်အကူပြုအဖွဲ့ဝင်များသည် ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်အရ လုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားရန် မလိုအပ်သော်လည်း လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်၏ ကြီးကြပ်မှု အောက်တွင် ရှိရမည်-

(က) အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်များ ကျွမ်းကျင်မှုမရှိသည့် နယ်ပယ်များတွင် အထူးသီးသန့်ကျွမ်းကျင်သူ၊

(ခ) နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုပုဂ္ဂိုလ်၊

(ဂ) ပေါင်းစပ်ညှိနှိုင်းပေးသူ၊

(ဃ) အတွင်းရေးမှူး၊

(င) (ပြင်ပမှ) ခေတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်း။

## အခန်း (၅)
## ကျွမ်းကျင်မှုနယ်ပယ်သတ်မှတ်ချက်များ

၆၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှုနယ်ပယ်များမှ မိမိရရှိထားသည့် ပညာရပ်ပိုင်းဆိုင်ရာအရည်အချင်းနှင့်ဆက်စပ်သော ကျွမ်းကျင်မှုနယ်ပယ်များအား အများဆုံးလေးခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ အခြားကျွမ်းကျင်မှုနယ်ပယ်အား ကျိုးကြောင်းခိုင်လုံစွာဖြင့် ထပ်တိုးဖော်ပြလျှောက်ထားလာလျှင် ဦးစီးဌာနသည် ထူးချွန်မှုရှိကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နယ်ပယ်ငါးခုအထိ ရွေးချယ်ခွင့်ပြုနိုင်သည်။

၆၅။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အဖြစ် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်-

(က) အဖွဲ့အစည်း၌ ပါဝင်မည့် အကြံပေးပုဂ္ဂိုလ်နှင့် တွဲဖက်အကြံပေးပုဂ္ဂိုလ်များ ရရှိထားသည့် ကျွမ်းကျင်မှုနယ်ပယ်များအနက် အပိုဒ် ၆၆ အပိုဒ်ခွဲ (က) မှ (ဎ) အထိ ကျွမ်းကျင်မှုနယ်ပယ်များ အနည်းဆုံး ပါဝင်ရမည်။

(ခ) အပိုဒ်ခွဲ(က) ပါ ပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုနယ်ပယ်များအပေါ် အခြေခံ၍ ပုံစံ(ခ) ပါ လုပ်ငန်းအမျိုးအစားများကို ရွေးချယ်လျှောက်ထားရမည်။

၆၆။ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်မှုများနှင့်စပ်လျဉ်း၍ လိုအပ်သည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဂ) မိုးလေဝသနှင့် လေအရည်အသွေး ဆန်းစစ်ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်း၊

(ဃ) ရေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း

(င) ဇလဗေဒ၊ မြေပေါ်ရေနှင့် မြေအောက်ရေထိန်းသိမ်းခြင်း၊

(စ) ဘူမိဆိုင်ရာ ဆန်းစစ်လေ့လာခြင်း၊

(ဆ) မြေဆီလွှာထိန်းသိမ်းခြင်း၊

(ဇ) မြေအသုံးချမှု၊

(ဈ) ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ၊

(ည) ဆူညံသံနှင့် တုန်ခါမှု၊

(ဋ) လူမှုရေးဆိုင်ရာ လေ့လာခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်း၊

(ဌ) ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲခြင်း၊

(ဍ) စွန့်ပစ်အစိုင်အခဲနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်း၊

(ဎ) ဥပဒေရေးရာ လေ့လာမှုနှင့် သရုပ်ခွဲဆန်းစစ်ခြင်း၊

(ဏ) စီးပွားရေးရှုထောင့်မှ တန်ဖိုးဖြတ်ခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်း၊

(တ) ကျန်းမာရေး၊

(ထ) ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်၊

(ဒ) သဘာဝသယံဇာတစီမံအုပ်ချုပ်ခြင်း (သစ်တော၊ ရေလုပ်ငန်း၊ ဓာတ်သတ္တု စသည်)၊

(ဓ) အထွေထွေပတ်ဝန်းကျင် စီမံခန့်ခွဲခြင်း။

၆၇။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ကျွမ်းကျင်မှုနယ်ပယ်စာရင်းတွင် ဖော်ပြထားခြင်း မရှိသော်လည်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားအပေါ် လေ့လာဆန်းစစ်ရေးဆွဲမှုနှင့် သက်ဆိုင်သည့် အခြားကျွမ်းကျင်မှု နယ်ပယ်များကိုလည်း ဖော်ပြခွင့်ရှိသည်။

၆၈။ ဦးစီးဌာနသည် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှုနယ်ပယ်များအနက် အပိုဒ် ၆၄ အရ အများဆုံး ရွေးချယ်ခွင့်ရရှိသော ကျွမ်းကျင်မှုနယ်ပယ်နှင့်အကျုံးဝင်သည့် လုပ်ငန်းလိုင်စင်လျှောက်ထားသူက ပါဝင်ရေးသားထားသော အနည်းဆုံးရှိရမည့် အစီရင်ခံစာအရေအတွက်ကို အချိန်ကာလပိုင်းခြား သတ်မှတ်၍ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၆)
## ကင်းလွတ်ခွင့်များ

၆၉။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ စံချိန်စံညွှန်းများ သို့မဟုတ် နိုင်ငံတကာမှ လက်ခံထားသည့် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများနှင့်ညီမျှသည့် ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ကျင့်သုံးလျက်ရှိသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် အဆိုပါပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သင့်လျော်မှန်ကန်စွာ ရွေးချယ်ထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြုလုပ်ရမည့် စီမံကိန်းအမျိုးအစားအတွက် လေ့လာဆန်းစစ်ရေးဆွဲမှု ပြုလုပ်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ဤလုပ်ထုံးလုပ်နည်းအရ လုပ်ငန်းလိုင်စင်လျှောက်ထားရန် မလိုအပ်ဘဲ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ရန် သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သီးခြားရေးဆွဲရန် ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၇၀။ လေ့လာဆန်းစစ်မှုပြုလုပ်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အပိုဒ် ၆၉ အရ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်လျှောက်ထားလိုပါက လျှောက်ထားသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လက်တွေ့လေ့လာဆန်းစစ်ရေးဆွဲမှု လုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းက စေလွှတ်ကြောင်း ထောက်ခံစာ သို့မဟုတ် အကြောင်းကြားစာကဲ့သို့သော လိုအပ်သည့် အထောက်အထားများဖြင့် စီမံကိန်း အဆိုပြုသူက သတ်မှတ်သည့် နေ့ရက်မတိုင်မီ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၇၁။ ဝန်ကြီးဌာနသည် အပိုဒ် ၆၉ နှင့် ၇၀ တို့အရ ကင်းလွတ်ခွင့်လျှောက်ထားရန် တင်ပြထားသည့် အထောက်အထားများသည် တိကျခိုင်မာမှု မရှိကြောင်း သို့မဟုတ် မှားယွင်းကြောင်း တွေ့ရှိရပါက ထိုကင်းလွတ်ခွင့်ပြုထားခြင်းကို မည့်သည့်အချိန်တွင်မဆို ပယ်ဖျက်နိုင်သည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၇၂။ ဦးစီးဌာနသည်-

(က) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းက အပိုဒ် ၃၃ နှင့်အညီ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် သို့မဟုတ် ပျက်ကွက်သည့် ကိစ္စတွင် ယင်း၏ဖောက်ဖျက်မှု သို့မဟုတ် ပျက်ကွက်မှုများကို ဖော်ပြပြီး အချိန်ကာလသတ်မှတ်၍ ပြန်လည်ပြုပြင်စေရန် စာဖြင့် အကြောင်းကြားရမည်၊

(ခ) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းက စာဖြင့် အကြောင်းကြားသည့် အချိန်ကာလအတွင်း ပြန်လည်ပြုပြင်ခြင်းမရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရမည်။

၇၃။ ဦးစီးဌာနသည်-

(က) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက အပိုဒ် ၃၃ အရ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရ၍ အပိုဒ် ၇၂ အပိုဒ်ခွဲ (ခ) အရ စာဖြင့် အကြောင်းကြားသည့် အချိန်ကာလအတွင်း ပြန်လည်ပြုပြင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (ခ) ပါ တိုင်ကြားချက်အရ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင်ဖြစ်စေ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(၂) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ခ) အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းက အပိုဒ် ၃၃ အရ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရ၍ အပိုဒ် ၇၂ အပိုဒ်ခွဲ (ခ) အရ စာဖြင့် အကြောင်းကြားသည့် အချိန်ကာလအတွင်း ပြန်လည်ပြုပြင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (ခ) ပါ တိုင်ကြားချက်အရ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင်ဖြစ်စေ အထူးလုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ရမည်။

၇၄။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက-

(က) အပိုဒ် ၃၃ အပိုဒ်ခွဲ (က) မှ (ဋ) အထိ စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရလျှင် ထိုသူ၏လုပ်ငန်းလိုင်စင်ကို ကာလအကန့်သတ်ဖြင့် ရပ်ဆိုင်းခြင်း စီမံခန့်ခွဲရေးပြစ်ဒဏ်ကို ချမှတ်ရမည်။

(ခ) အပိုဒ် ၃၃ အပိုဒ်ခွဲ (ဌ) မှ (ဎ) အထိ စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ထိုသူ၏ လုပ်ငန်းလိုင်စင်ကို

ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်းဖြစ်စေ၊ စီမံခန့်ခွဲရေးပြစ်ဒဏ်ကို ချမှတ်ရမည်။

၇၅။ ဦးစီးဌာနသည်-

(က) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) အရ စီမံခန့်ခွဲရေးပြစ်ဒဏ်ကို တစ်ကြိမ်ထက်ပို၍ ချမှတ်ခံရလျှင်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ လူမွဲအဖြစ် ကြေညာခြင်းခံရလျှင်ဖြစ်စေ၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် သင့်လျော်သူ မဟုတ်ဟု ယူဆလျှင်ဖြစ်စေ လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ စိစစ်တင်ပြချက်အရ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်နိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် ပယ်ဖျက်ခံရသည့် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူကို နာမည်ပျက်စာရင်း ကြေညာရမည်။

၇၆။ ဦးစီးဌာနသည် စီမံခန့်ခွဲရေးပြစ်ဒဏ်များအနက် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာရမည်။ လုပ်ငန်းလိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခံရသည့် ကာလအပိုင်းအခြားကို လုပ်ငန်းလိုင်စင်သက်တမ်းကာလတွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။

၇၇။ အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) အရ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခံရသူသည် စီမံခန့်ခွဲရေးပြစ်ဒဏ်ကာလ ကုန်ဆုံးပြီးနောက် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် စီမံခန့်ခွဲရေးပြစ်ဒဏ်ကာလ မကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ တင်ပြရမည်။

၇၈။ ဦးစီးဌာနသည် အပိုဒ် ၇၇ အရ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် တင်ပြပါက စိစစ်၍ ဆက်လက်ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

၇၉။ အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂) အရ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း စီမံခန့်ခွဲရေးပြစ်ဒဏ် သတ်မှတ်ခြင်းခံရသူသည် စီမံခန့်ခွဲရေးပြစ်ဒဏ်စတင်သည့်နေ့ရက်မှစ၍ ငါးနှစ်အတွင်း ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ပြုလုပ်ရန် လုပ်ငန်းလိုင်စင် လျှောက်ထားခွင့်မရှိစေရ။

၈၀။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းက အပိုဒ် ၃၃ နှင့်အညီ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက စီမံခန့်ခွဲရေးနည်းလမ်းအရထိုက်သင့်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်များအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၂ အရ အရေးယူနိုင်သည်။

## အခန်း (၈)
## အယူခံခြင်း

၈၁။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူက အပိုဒ် ၇၃ အပိုဒ်ခွဲ (က) အရ ဖြစ်စေ၊ အထူး လုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းက အပိုဒ် ၇၃ အပိုဒ်ခွဲ (ခ) အရ ဖြစ်စေ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်းခံရပါက စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ကြောင်း စာလက်ခံ ရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ စာဖြင့် ရေးသား၍ အယူခံခွင့်ရှိသည်။

၈၂။ ဝန်ကြီးဌာနသည်-

(က) အယူခံလွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း စိစစ်တင်ပြရန်နှင့် အယူခံလွှာနှင့် စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် စိစစ် တင်ပြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင် သော အယူခံလွှာ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) အယူခံလွှာကိုလက်ခံရရှိပြီး ခုနှစ်ရက်အတွင်း အယူခံလွှာစိစစ်ရေးအဖွဲ့သို့ပေးပို့ရ မည်။

၈၃။ အယူခံလွှာ စိစစ်ရေးအဖွဲ့သည် အယူခံလွှာကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း အယူခံလွှာနှင့်အတူ တင်ပြလာသည့် အချက်အလက်များကို စိစစ်ခြင်းနှင့် လိုအပ်ပါက လူတွေ့ စစ်မေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး အယူခံလွှာနှင့် စပ်လျဉ်း၍ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈၄။ ဝန်ကြီးဌာန၏အယူခံလွှာနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၈၅။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၃၂၊ ၇၆ တို့နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ် ဆောင်ရွက်ခြင်းမှအပ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမဆို ဤလုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်မရှိဘဲ မည်သည့်ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

၈၆။ ဦးစီးဌာနက လိုင်စင်ထုတ်ပေးရာတွင် အသုံးပြုသည့် တံဆိပ်တုံး၊ ခွင့်ပြုသူအရာရှိ လက်မှတ်၊ လိုင်စင်ပါ အချက်အလက်နှင့် အမှတ်အသားတစ်ခုခုကို မသမာသော နည်းလမ်းဖြင့် ပြင်ဆင်ခြင်း၊ တုပပြုလုပ်ခြင်း မပြုရ။

## အခန်း (၁၀)
## အထွေထွေ

၈၇။ လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူ သို့မဟုတ် အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းသည် ဥပဒေအရ လူမွဲအဖြစ်ခံယူခြင်း၊ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်း၊ အမည်ပြောင်းလဲခြင်း၊ အဓိကအကြံပေးပုဂ္ဂိုလ် ပြောင်းလဲခြင်း၊ ဝန်ဆောင်မှု ရပ်ဆိုင်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းခြင်း ကဲ့သို့သော ပြောင်းလဲမှု တစ်စုံတစ်ရာရှိပါက ဦးစီးဌာနသို့ တင်ပြရန် တာဝန်ရှိသည်။ ယင်းသို့တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် လိုင်စင်ဆက်လက်တည်မြဲခြင်း ရှိ မရှိ ဆုံးဖြတ်နိုင်ရန် အချက်အလက်များကို ထပ်မံတောင်းခံနိုင်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

၈၈။ ဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်။

၈၉။ ဦးစီးဌာနသည် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ရရှိလာသော လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေ သို့မဟုတ် ဦးစီးဌာန၏ ငွေစာရင်းအကောင့်သို့ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းရမည်။

၉၀။ ဤလုပ်ထုံးလုပ်နည်းတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ခိုင်လုံသော အကြောင်းခြင်းရာများ ရှိပါက နိုင်ငံတော်အကျိုးအလို့ငှာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနသည်-

(က) လုပ်ငန်းလိုင်စင်ကို ခြွင်းချက်ဖြင့် ထုတ်ပေးနိုင်သည်။

(ခ) ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသူအားလည်းကောင်း၊ အထူးလုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသော တတိယအဖွဲ့အစည်းအားလည်းကောင်း လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ပုံ) ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး

**ပုံစံ (က) အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံ**

(က-၁) ပညာအရည်အချင်း

(က-၂) ပညာရှင်အဆင့်သင်တန်းတက်ရောက်မှု

(က-၃) အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ်တိုးတက်မှုနာရီ

(က-၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း

(က-၅) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်စိစစ်သုံးသပ်ခြင်း

(က-၆) အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအပေါ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း

(က-၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်မှု နယ်ပယ်နှင့် သက်ဆိုင်သည့် အခြားဆန်းစစ်လေ့လာခြင်း

(က-၈) လေ့လာဆန်းစစ်ပြုစုရေးသားခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ

(က-၉) ထုတ်ဖော်ကြေညာချက်

**ပုံစံ (ခ) အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အတွက် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ**

(ခ-၁) ပညာအရည်အချင်း (အဓိကအကြံပေး ပုဂ္ဂိုလ်တစ်ဦးချင်း)

(ခ-၂) ပညာရှင်အဆင့်သင်တန်းတက်ရောက်မှု (အဓိကအကြံပေးပုဂ္ဂိုလ် တစ်ဦးချင်း)

(ခ-၃) အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနာရီ (အဓိကအကြံပေး ပုဂ္ဂိုလ်တစ်ဦးချင်း)

(ခ-၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း (အဓိကအကြံပေးပုဂ္ဂိုလ် တစ်ဦးချင်း)

(ခ-၅) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအပေါ် ကျွမ်းကျင်မှု နယ်ပယ်အလိုက် ပါဝင်စိစစ်သုံးသပ်ခြင်း **(အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦးချင်း)**

(ခ-၆) အထွေထွေပတ်ဝန်းကျင် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအပေါ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း (အဓိကအကြံပေးပုဂ္ဂိုလ် တစ်ဦးချင်း)

(ခ-၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်မှု နယ်ပယ်နှင့် သက်ဆိုင်သည့် အခြားဆန်းစစ်လေ့လာခြင်း (အဓိကအကြံပေး ပုဂ္ဂိုလ်တစ်ဦးချင်း)

(ခ-၈) အဖွဲ့အစည်း၏ လေ့လာဆန်းစစ်ပြုစုရေးသားခဲ့သည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ

(ခ-၉) ထုတ်ဖော်ကြေညာချက်

**ပုံစံ (ဂ) အထူးလုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ**

(ဂ-၁) ပညာအရည်အချင်း **(အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦးချင်း)**

(ဂ-၂) ပညာရှင်အဆင့်သင်တန်းတက်ရောက်မှု (အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦးချင်း)

(ဂ-၃) အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနာရီ (အဓိကအကြံပေး ပုဂ္ဂိုလ်တစ်ဦးချင်း)

(ဂ-၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း **(အဓိကအကြံပေးပုဂ္ဂိုလ် တစ်ဦးချင်း)**

(ဂ-၅) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအပေါ် ကျွမ်းကျင်မှု နယ်ပယ်အလိုက် ပါဝင်စိစစ်သုံးသပ်ခြင်း (အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦးချင်း)

(ဂ-၆) အထွေထွေပတ်ဝန်းကျင် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအပေါ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း (အဓိကအကြံပေးပုဂ္ဂိုလ် တစ်ဦးချင်း)

(ဂ-၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်မှု နယ်ပယ်နှင့် သက်ဆိုင်သည့် အခြားဆန်းစစ်လေ့လာခြင်း (အဓိကအကြံပေး ပုဂ္ဂိုလ်တစ်ဦးချင်း)

(ဂ-၈) အဖွဲ့အစည်း၏ လေ့လာဆန်းစစ်ပြုစုရေးသားခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ

(ဂ-၉) ထုတ်ဖော်ကြေညာချက်

နောက်ဆက်တွဲ (က) အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များ

နောက်ဆက်တွဲ (ခ) အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အတွက် လုပ်ငန်းလိုင်စင် သို့မဟုတ် အထူးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များ

နောက်ဆက်တွဲ (ဂ) လုပ်ငန်းရာဇဝင်

နောက်ဆက်တွဲ (ဃ) ကျွမ်းကျင်မှုနယ်ပယ်အလိုက် ဆက်စပ်ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်း၊ အထူးသီးသန့်ကျွမ်းကျင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း အတွေ့အကြုံများ

နောက်ဆက်တွဲ (င) အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနာရီတွက်ချက်ပုံ

နောက်ဆက်တွဲ (စ) စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ

နောက်ဆက်တွဲ (ဆ) လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၊ စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းအဖွဲ့နှင့် အယူခံခြင်းဆိုင်ရာ ပုံပြဇယားများ

ပုံပြဇယား (၁) လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံ၊

ပုံပြဇယား (၂) လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်

ပုံပြဇယား (၃) လုပ်ငန်းလိုင်စင်ဘုတ်အဖွဲ့၏ လုပ်ငန်းလိုင်စင်ထုတ်ပေးရေးဆိုင်ရာ စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ

ပုံပြဇယား (၄) စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းအဖွဲ့၏ ဖွဲ့စည်းပုံ၊

ပုံပြဇယား (၅) စောင့်ကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်

ပုံပြဇယား (၆) အယူခံခြင်း

ပုံစံ (က)

# အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ

လိုင်စင်
ဓာတ်ပုံ*

**ပုဂ္ဂိုလ်ရေးအချက်အလက်များ**

| | | | | | | |
|---|---|---|---|---|---|---|
| လျှောက်ထားလိုသည့် လုပ်ငန်းလိုင်စင်အမျိုးအစား (ရွေးချယ်မည့် အမျိုးအစားတစ်ခုကိုသာ အမှန်ခြစ်ပေးပါ) | ☐ | အကြံပေးပုဂ္ဂိုလ် | | | | |
| | ☐ | တွဲဖက် အကြံပေးပုဂ္ဂိုလ် | | | | |
| လျှောက်ထားသည့် ရည်ရွယ်ချက် | ☐ | လုပ်ငန်း လိုင်စင် အသစ် | ☐ | သက်တမ်း တိုး/အမျိုး အစားပြောင်း | ☐ | လုပ်ငန်းလိုင်စင် အချက်အလက် ပြင်ရန် |
| လုပ်ငန်းလိုင်စင်အမှတ် (သက်တမ်းတိုး/အမျိုးအစားပြောင်းနှင့် အချက်အလက်ပြင်ရန် လျှောက်ထားသူများသာ ဖြည့်ရန်) | | | | | | |
| အမည်အပြည့်အစုံ | | | | | | |
| ဘွဲ့/ဂုဏ်ထူး/အမည် (ပါမောက္ခ၊ ဒေါက်တာ၊ ဦး၊ ဒေါ်) | | | | | | |
| မွေးသက္ကရာဇ် | | | | | | |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မြန်မာနိုင်ငံသားများအတွက်)** | | | | | | |
| နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ငံခြားသားများသာ)** | | | | | | |
| အဖွဲ့အစည်း | | | | | | |
| အလုပ်အကိုင် | | | | | | |

*   လိုင်စင်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

**  နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူကို ဤပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်။

ရုံး/လုပ်ငန်း လိပ်စာ

| | |
|---|---|
| | |
| စာပို့သင်္ကေတ - | နိုင်ငံ - |

ဆက်သွယ်ရန်အချက်အလက်များ

| | |
|---|---|
| တယ်လီဖုန်း(ရုံး)- | အီးမေးလ်- |
| ဖက်စ်(ရုံး)- | လက်ကိုင်ဖုန်း- |

ကျွမ်းကျင်မှုနယ်ပယ်*

| | |
|---|---|
| (၁) | (၂) |
| (၃) | (၄) |
| (၅)** | |

| |
|---|
| ကျွမ်းကျင်မှုနယ်ပယ်နှင့်စပ်လျဉ်း၍ ထပ်မံရှင်းပြရန်ရှိပါက ဖြည့်သွင်းရန်*** (မဖြည့်ဘဲနေလိုက နေနိုင်သည်)<br><br>*နမူနာ*<br>*ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးဆိုင်ရာ အချက်အလက် စုဆောင်းခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်း*<br>*ပီအမ် (Particulate Matters – PMs), ဆာလ်ဖာ ဒိုင်အောက်ဆိုဒ် (Sulfur Dioxide - SO2), နိုက်ထရိုဂျင်အောက်ဆိုဒ် (Nitrogen Oxide – NOx), ကာဗွန်မိုနောက်ဆိုဒ် (Carbon Monoxide – CO), ဟိုက်ဒရို ကာဗွန် (Hydrocarbons), အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်း (Volatile Organic Compounds – VOCs) များအပါအဝင် အခြားလေအရည်အသွေးဆိုင်ရာ အချက်အလက်များကို စုဆောင်းပြီး Air Dispersion Model အသုံးပြု၍ သရုပ်ခွဲဆန်းစစ်ခြင်းပညာရပ်နှင့် စပ်လျဉ်း၍ .... ....တက္ကသိုလ်တွင်လေ့လာဆည်းပူးခဲ့ပါသည်။ .... ... .... စီမံကိန်းတွင် .......... ခုနှစ်၊ ...လ မှ...... လအထိ လေ့လာဆန်းစစ်ခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။* |

* လျှောက်ထားသူသည် အပိုဒ် ၆၆ ပါ ကျွမ်းကျင်မှုနယ်ပယ်များအနက် တစ်ခုမှ လေးခုအထိ ရွေးချယ်နိုင်သည်။ အပိုဒ် ၆၇ အရ ကျွမ်းကျင်မှုနယ်ပယ်စာရင်းတွင် မဖော်ပြထားသော်လည်း သက်ဆိုင်သည့် နယ်ပယ်များ ရှိပါက ဖြည့်သွင်းနိုင်သည်။

** အပိုဒ် ၆၄ အရ ထပ်တိုးလျှောက်ထားလိုသည့် ကျွမ်းကျင်မှုနယ်ပယ်အတွက် ထူးချွန်မှုရှိကြောင်း အကျိုးအကြောင်း ဖော်ပြချက်ကို ပူးတွဲတင်ပြရမည်။

*** ကျွမ်းကျင်မှုဆိုင်ရာ ထပ်မံရှင်းပြချက်နှင့်စပ်လျဉ်း၍ အထောက်အထားမိတ္တူကို ဤပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်။

**လေ့လာဆန်းစစ်ရေးအဖွဲ့ကို ဦးဆောင်သည့်အတွေ့အကြုံ** (အနည်းဆုံး စီမံကိန်းသုံးခု၏ အမည်နှင့်စီမံကိန်းတစ်ခုချင်း၏ အတွေ့အကြုံများကို ဖော်ပြရန်)

| စဉ် | ကာလ (စ-ဆုံး) | | | စီမံကိန်းအမည်နှင့် အတွေ့အကြုံအကျဉ်းချုပ် |
|---|---|---|---|---|
| | စတင်ရက် | ပြီးဆုံးရက် | နှစ်/လ | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | | | | |
| | | | | |

နောက်ဆက်တွဲ (က-၁)

## ပညာအရည်အချင်း

| စဉ် | ဘွဲ့အမည်/အမျိုးအစား | ဘွဲ့ရရှိသည့် ခုနှစ် | တက္ကသိုလ်/ကောလိပ် | အဓိက ဘာသာရပ်များ | သင်တန်းကာလ (နှစ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

မှတ်ချက်။ ဘွဲ့လက်မှတ် သို့မဟုတ် ပညာအရည်အချင်းအတွက် အထောက်အထားများကို မိတ္တူပူးတွဲတင်ပြရမည်။ ယင်းအထောက်အထား စာရွက်စာတမ်းများသည် အခြားဘာသာစကားဖြင့် ရေးသားထားခြင်းဖြစ်ပါက မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ နိုင်ငံတော်အသိအမှတ်ပြု ဘာသာပြန်ဆို တင်ပြရမည်။

နောက်ဆက်တွဲ (က-၂)

## ပညာရှင်အဆင့်သင်တန်းတက်ရောက်မှု

| စဉ် | သင်တန်းအမည် | ပို့ချသည့် အဖွဲ့အစည်း | သင်တန်း ကာလ (ရက်/..မှ..ထိ) | သင်ကြားသည့် ဘာသာရပ်များ | ကျွမ်းကျင်မှု နယ်ပယ် | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ်ရမည့်ပုဂ္ဂိုလ်/လိပ်စာ/ဖုန်း/ဖက်စ်/ အီးမေးလ်) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| (က) လက်တွေ့လေ့ကျင့်သင်ကြားပေးသည့်သင်တန်းများ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| (ခ) အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးသည့်သင်တန်းများ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

မှတ်ချက်။ (၁) ရွေးချယ်ထားသော ကျွမ်းကျင်မှုနယ်ပယ်နှင့် ဆက်စပ်သည့် ပညာရှင်အဆင့်သင်တန်းများကိုသာ ဖော်ပြရမည်။

(၂) သင်တန်းဆင်းလက်မှတ်ကို မိတ္တူပူးတွဲတင်ပြရမည်။

(၃) လက်တွေ့လေ့ကျင့်သင်ကြားပေးသည့်သင်တန်းများ/ အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးသည့်သင်တန်းများ (On-site Training Courses/ Virtual Training Courses) ဖော်ပြရန်ဖြစ်သည်။

နောက်ဆက်တွဲ (က-၃)

## အတတ်ပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှုနာရီ

| စဉ် | အတတ်ပညာဆိုင်ရာ တိုးတက်မှု ဆောင်ရွက်ချက်နှင့် အကျဉ်းချုပ်* | ဆောင်ရွက် သည့် ကာလ | ကျွမ်းကျင်မှု နယ်ပယ် | သင်တန်းသား/ သင်တန်းပို့ချသူ/ သင်တန်းကြီးကြပ်သူ (Participant/ Resource Person/ Conductor) အဖြစ် တက်ရောက်ခြင်း | တက်ရောက် သည့် ကာလ (ရက်)** သို့မဟုတ် စာမျက်နှာ အရေအတွက် | အတတ်ပညာ ဆိုင်ရာ စဉ် ဆက်မပြတ် တိုးတက်မှု နာရီ *** | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ်ရမည့် ပုဂ္ဂိုလ်/ လိပ်စာ/ ဖုန်း/ ဖက်စ်/ အီးမေးလ်) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

* လျှောက်ထားသည့် နေ့ရက်မတိုင်မီ သုံးနှစ်အတွင်း ဆောင်ရွက်ချက်များသာ တင်ပြရမည်။

** တက်ရောက်သည့်ကာလ(ရက်) ကို ရက်တစ်ဝက်အထိ ဖော်ပြရန်၊ (ဥပမာ- ၃.၅ ရက်)

*** အတတ်ပညာဆိုင်ရာစဉ်ဆက်မပြတ် တိုးတက်မှု (နာရီ) တွက်ချက်ပုံကို နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသည်။

မှတ်ချက်။ (၁) လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် လုပ်ငန်းလိုင်စင်အမျိုးအစားပြောင်းလဲခြင်းအတွက် လျှောက်ထားသည့်သူများသာ ဖြည့်သွင်းရန်ဖြစ်သည်။

(၂) ရွေးချယ်ထားသော ကျွမ်းကျင်မှုနယ်ပယ်နှင့် စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာ တိုးတက်မှု ဆောင်ရွက်ချက်များကိုသာ ဖော်ပြရမည်။ အတတ်ပညာဆိုင်ရာ တိုးတက်မှုဆောင်ရွက်ချက်များတွင် ညီလာခံ/ နှီးနှောဖလှယ်ပွဲ/ အလုပ်ရုံဆွေးနွေးပွဲ/ ပို့ချချက်/ အစည်းအဝေး/ သင်တန်း/ လေ့လာရေးခရီးနှင့် စာအုပ်/ စာတမ်း/ ဆောင်းပါး/သုတေသနစာတမ်းများကို (Conference, Seminar, Workshop, Technical lecture, Scientific meeting, Module, Tour, Visit and Publication of book, Article, Journal, Research paper) ထည့်သွင်း ဖော်ပြနိုင်သည်။

(၃) အတတ်ပညာဆိုင်ရာတိုးတက်မှု ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညီလာခံ/ နှီးနှောဖလှယ်ပွဲ/ အလုပ်ရုံဆွေးနွေးပွဲ/ ပို့ချချက်/ အစည်းအဝေး/ သင်တန်း/ လေ့လာရေးခရီး အထောက်အထားလက်မှတ်ကို မိတ္တူပူးတွဲတင်ပြရမည်။

(၄) ရေးသားပြုစု/ထုတ်ဝေခဲ့သည့် ပညာရပ်ဆိုင်ရာ စာအုပ်/ စာတမ်း/ သုတေသနစာတမ်း/ ဆောင်းပါးများကို မိတ္တူပူးတွဲတင်ပြရမည်။

နောက်ဆက်တွဲ (က-၄)

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း

### (၁) စာရင်းချုပ်

| စဉ် | စီမံကိန်းအမည်နှင့် အစီရင်ခံစာအမျိုးအစား (အီးအိုင်အေ/အိုင်အီးအီး/ အီးအမ်ပီ) | ကျွမ်းကျင်မှုနယ်ပယ် | လေ့လာဆန်းစစ်ရေးလုပ်ငန်း | | အစီရင်ခံစာပါ အခန်း/ အခန်းခွဲ အမည်နှင့် စာမျက်နှာ* | အစီရင်ခံစာတင်ပြမှု အခြေအနေ(တင်ပြပြီး/အတည်ပြုပြီး) နှင့် ရက်စွဲ | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်/ လိပ်စာ/ ဖုန်း/ ဖက်စ် / အီးမေးလ် |
|---|---|---|---|---|---|---|---|
| | | | တာဝန် (အဖွဲ့ခေါင်းဆောင်/ အဖွဲ့ဝင်) | ကြာမြင့်ချိန် (ရက်/..မှ..ထိ) | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |

* မိမိပါဝင်ရေးသားခဲ့သော အခန်းနှင့် အခန်းခွဲအမည်ကို ဖော်ပြရန်။

မှတ်ချက်။

(၁) ပါဝင်ဆောင်ရွက်ခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် ၎င်းတို့နှင့်အဆင့်တူ လေ့လာမှုအစီရင်ခံစာ အနည်းဆုံးနှစ်စောင် တင်ပြရမည်။

(၂) အစီရင်ခံစာကို စာရွက်မိတ္တူ ပူးတွဲတင်ပြရမည်။ တင်ပြနိုင်ခြင်းမရှိပါက ဒီဂျစ်တယ်မိတ္တူကို ပူးတွဲတင်ပြပေးရမည် သို့မဟုတ် ဝင်ကြည့်နိုင်သည့် ဝက်ဘ်ဆိုဒ်လင့်ခ်ကို ဖော်ပြပေးရမည်။

(၃) တင်ပြသောအစီရင်ခံစာသည် မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားမဟုတ်သော အခြားဘာသာစကားဖြင့် ရေးသားထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်ပါက သက်ဆိုင်သည့် အပိုင်းကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်ဆို၍ တင်ပြရမည်။

(၄) အဖွဲ့ခေါင်းဆောင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်ရေးသားမှုအကျဉ်းချုပ်ဇယားကို စီမံကိန်းအဆိုပြုသူ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(၅) အဖွဲ့ဝင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်ရေးသားမှုအခြေအနေနှင့် စပ်လျဉ်း၍ ပါဝင်ရေးသားမှု အကျဉ်းချုပ်ဇယားကို လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း(အဆက်)

### (၂) အစီရင်ခံစာများတွင် ပါဝင်ရေးသားခဲ့မှု ဖော်ပြချက်အကျဉ်း

| စဉ် | အစီရင်ခံစာ အမျိုးအစား (အီးအိုင်အေ/ အိုင်အီးအီး/ အီးအမ်ပီ) | ပါဝင်ရမည့် အကြောင်းအရာများ | မှတ်ချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | | (၁) အစီရင်ခံစာ၏ မျက်နှာဖုံးစာမျက်နှာ - မိတ္တူပူးတွဲပေးရန် | |
| | | (၂) မာတိကာ | |
| | | (၃) လေ့လာဆန်းစစ်မှုတွင် တာဝန်ယူရသော လုပ်ငန်းနယ်ပယ်ကို ဖော်ပြထားသည့် သက်ဆိုင်ရာ စာမျက်နှာ (များ) နှင့်အတူ တာဝန်ပေးအပ်ခဲ့သော အတွေ့အကြုံရှိသည့် အကြံပေးပုဂ္ဂိုလ်/ တွဲဖက်အကြံပေးပုဂ္ဂိုလ် သို့မဟုတ် လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်၏ စိစစ်အကဲဖြတ်ချက်* | |
| | | (၄) ပါဝင်ပြုစုရေးသားခဲ့သည့် အခန်း/ အခန်းခွဲနှင့် သက်ဆိုင်သော စာမျက်နှာများ | |
| | | (၅) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း/ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ/ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ် အတည်ပြုသည့် စီမံကိန်း၏လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင် (Project Study Team Leader) (အမည်/ လက်မှတ်) | |

* အစီရင်ခံစာတွင် မိမိတာဝန်ယူလေ့လာခဲ့ရသော လုပ်ငန်းနယ်ပယ်နှင့်သက်ဆိုင်သည့် စာမျက်နှာများကို တာဝန်ပေးအပ်ခဲ့သော အတွေ့အကြုံရှိသည့် အကြံပေးပုဂ္ဂိုလ်/ တွဲဖက်အကြံပေးပုဂ္ဂိုလ် သို့မဟုတ် လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်၏ စိစစ်အကဲဖြတ်ချက်နှင့်အတူ ပူးတွဲဖော်ပြရန်။

မှတ်ချက်။ (၁) အစီရင်ခံစာကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်းမဟုတ်ပါက သက်ဆိုင်သည့် စာမျက်နှာများကို ဘာသာပြန်ဆိုပေးရမည်။

(၂) ဇယား (၁) တွင် ဖော်ပြထားသော အစီရင်ခံစာတစ်ခုချင်းအလိုက် ထုတ်နုတ်တင်ပြရမည်။

နောက်ဆက်တွဲ (က-၅)

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များတွင် ရွေးချယ်ထားသည့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်စိစစ်သုံးသပ်ခြင်း

| စဉ် | စီမံကိန်းအမည်နှင့် အစီရင်ခံစာအမျိုးအစား (အီးအိုင်အေ/အိုင်အီးအီး/ အီးအမ်ပီ) | ကျွမ်းကျင်မှုနယ်ပယ် | စိစစ်သုံးသပ်ရေးလုပ်ငန်း | | အစီရင်ခံစာပါ အခန်း/ အခန်းခွဲ အမည်* | အစီရင်ခံစာတင်ပြမှု အခြေအနေ(တင်ပြပြီး/အတည်ပြုပြီး) နှင့် ရက်စွဲ | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ်ရမည့် ပုဂ္ဂိုလ်/လိပ်စာ/ဖုန်း/ ဖက်စ် / အီးမေးလ်) |
|---|---|---|---|---|---|---|---|
| | | | တာဝန် (အဖွဲ့ခေါင်းဆောင်/ အဖွဲ့ဝင်) | ကြာမြင့်ချိန် (ရက်/..မှ..ထိ) | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

* မိမိပါဝင်စိစစ်သုံးသပ်ခဲ့သည့် အခန်းနှင့် အခန်းခွဲအမည်ကို ဖော်ပြရန်။

မှတ်ချက်။ (၁) စိစစ်သုံးသပ်ရေးအဖွဲ့ခေါင်းဆောင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်စိစစ်သုံးသပ်ခဲ့မှု အကျဉ်းချုပ်ဇယားအား စိစစ်ရန် တာဝန်ပေးခဲ့သော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(၂) စိစစ်သုံးသပ်ရေးအဖွဲ့ဝင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်စိစစ်သုံးသပ်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ ပါဝင်စိစစ် သုံးသပ်ခဲ့မှု အကျဉ်းချုပ်ဇယားအား စိစစ်သုံးသပ်ရေးအဖွဲ့ခေါင်းဆောင်၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

နောက်ဆက်တွဲ (က-၆)

## အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများအပေါ် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပါဝင်ရေးသားခြင်း

| စဉ် | စိစစ်အကဲဖြတ်ခြင်း လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းအကျဉ်းချုပ်* | ကျွမ်းကျင်မှု နယ်ပယ် | စိစစ်အကဲဖြတ်ခြင်း လုပ်ငန်း | | စိစစ်အကဲဖြတ်သည့် အဖွဲ့အစည်းအမည် | အလုပ်အပ်နှံသူ | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ်ရမည့်ပုဂ္ဂိုလ်/လိပ်စာ/ဖုန်း/ဖက်စ် / အီးမေးလ်) |
|---|---|---|---|---|---|---|---|
| | | | တာဝန် (အဖွဲ့ခေါင်းဆောင်/ အဖွဲ့ဝင်) | ကြာမြင့်ချိန် (ရက်/..မှ..ထိ) | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

* စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းအမျိုးအစားအတွက် ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု (Environmental Auditing)၊ ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်း (Environmental Monitoring) နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်ခြင်း (Environmental Performance Evaluation) စသည့် လုပ်ငန်းအမျိုးအစားများကို ဖော်ပြရန်နှင့် လုပ်ငန်းအကျဉ်းချုပ်တွင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းအမည်၊ အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်စသည့်တို့အပေါ် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းအမျိုးအစားနှင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များကို အကျဉ်းချုပ်ဖော်ပြရန်။

မှတ်ချက်။ (၁) စိစစ်အကဲဖြတ်ရေးအဖွဲ့ခေါင်းဆောင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်စိစစ်အကဲဖြတ်ခဲ့မှု အကျဉ်းချုပ်ဇယားကို အလုပ်အပ်နှံသူ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(၂) စိစစ်အကဲဖြတ်ရေးအဖွဲ့ဝင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်စိစစ်အကဲဖြတ်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ ပါဝင်စိစစ်အကဲဖြတ်ခဲ့မှု အကျဉ်းချုပ်ဇယားကို စိစစ်အကဲဖြတ်ရေးအဖွဲ့ခေါင်းဆောင်၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(၃) အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲမှုအပေါ် စိစစ်အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းတွင် ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်ခြင်းစသည့် လုပ်ငန်းများကိုသာ ဖော်ပြရမည်။

နောက်ဆက်တွဲ (က-၇)

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျွမ်းကျင်မှုနယ်ပယ်နှင့် သက်ဆိုင်သည့် အခြားဆန်းစစ်လေ့လာခြင်း

| စဉ် | စီမံကိန်းအမည်နှင့် ဆန်းစစ်လေ့လာမှုအစီရင်ခံစာ အမျိုးအစား | ကျွမ်းကျင်မှုနယ်ပယ် | လေ့လာမှုလုပ်ငန်း | | လေ့လာမှု အစီရင်ခံစာပါ အခန်း/ အခန်းခွဲ အမည်* | အစီရင်ခံစာတင်ပြမှု အခြေအနေ(တင်ပြပြီး/အတည်ပြုပြီး) နှင့် ရက်စွဲ | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ်ရမည့် ပုဂ္ဂိုလ်/လိပ်စာ/ဖုန်း/ ဖက်စ် / အီးမေးလ်) |
|---|---|---|---|---|---|---|---|
| | | | တာဝန် (အဖွဲ့ခေါင်းဆောင်/ အဖွဲ့ဝင်) | ကြာမြင့်ချိန် (ရက်/..မှ..ထိ) | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

* အစီရင်ခံစာတွင် ပါဝင်ရေးသားခဲ့သော အခန်းနှင့် အခန်းခွဲအမည်ကို ဖော်ပြရန်။

မှတ်ချက်။ (၁) မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း (Strategic Environmental Assessment – SEA)၊ ထုတ်လုပ်မှုဝန်ဆောင်မှုဖြစ်စဉ်ဆန်းစစ်ခြင်း (Life Cycle Assessment – LCA)၊ ကဏ္ဍအလိုက်ဆန်းစစ်ခြင်း (Sector-wide Assessment) ကဲ့သို့သော ဆန်းစစ်လေ့လာမှုအစီရင်ခံစာ အမျိုးအစားများအတွက် ဖော်ပြရန်ဖြစ်သည်။ ပတ်ဝန်းကျင်၊ လူမှုစီးပွား၊ ကျန်းမာရေး စသည့်နယ်ပယ်များအတွက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာ အမျိုးအစားများလည်း အကျုံးဝင်သည်။

(၂) အဖွဲ့ခေါင်းဆောင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်ရေးသားမှုအကျဉ်းချုပ်ဇယားကို စီမံကိန်းအဆိုပြုသူ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(၃) အဖွဲ့ဝင်ဖြစ်ပါက အစီရင်ခံစာပါ အခန်းနှင့် အခန်းခွဲတွင် ပါဝင်ရေးသားမှုအခြေအနေနှင့် စပ်လျဉ်း၍ ပါဝင်ရေးသားမှု အကျဉ်းချုပ်ဇယားကို လေ့လာဆန်းစစ်ရေးအဖွဲ့ခေါင်းဆောင်၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

နောက်ဆက်တွဲ (က-၈)

# လေ့လာဆန်းစစ်ပြုစုရေးသားခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ

| စဉ် | စီမံကိန်းအမည် | အစီရင်ခံစာ အမျိုးအစား (အီးအိုင်အေ/ အိုင်အီးအီး/ အီးအမ်ပီ) | အလုပ်အပ်နှံသူ | အစီရင်ခံစာတင်ပြမှု အခြေအနေ(တင်ပြ ပြီး/အတည်ပြုပြီး) နှင့် ရက်စွဲ | အတည်ပြုပေးနိုင်သည့် ဇာစ်မြစ်နေရာ (အဖွဲ့အစည်း/ဆက်သွယ် ရမည့် ပုဂ္ဂိုလ်/လိပ်စာ/ ဖုန်း/ ဖက်စ် / အီးမေးလ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |
| | | | | | | |

မှတ်ချက်။ (၁) လျှောက်ထားသည့်နေ့ရက်၏ ပြီးခဲ့သည့် သုံးနှစ်ကာလအတွင်း လေ့လာဆန်းစစ်ပြုစုရေးသားခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကိုသာ ဖော်ပြရန်ဖြစ်သည်။ သတ်မှတ်အစီရင်ခံစာအရေအတွက် ပြည့်မီခြင်းမရှိပါက နောက်ဆက်တွဲ (က) - အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ စံနှင့် သတ်မှတ်ချက်များဇယားပါ အမှတ်စဉ် (၃) တွင် ဖော်ပြထားချက်နှင့်အညီ ဖြည့်စွက် ဖော်ပြနိုင်သည်။

(၂) မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ပြုစုရေးသားထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်ရမည်။ မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားမဟုတ်သော အခြားဘာသာစကားဖြင့် ရေးသားထားသည့် အစီရင်ခံစာဖြစ်ပါက အကျဉ်းချုပ်အစီရင်ခံစာကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်ဆို၍ တင်ပြရမည်။

(၃) ဝန်ကြီးဌာနမှ အသိအမှတ်ပြုသော အခြားနိုင်ငံများမှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် အတည်ပြုချက်ရရှိပြီးဖြစ်ရမည်။

**နောက်ဆက်တွဲ (က-၉)**

## ထုတ်ဖော်ကြေညာချက်

ကျွန်တော်/ကျွန်မသည် ဤပုံစံ၏ နောက်ဆုံးအပိုင်းတွင် ဖော်ပြထားသော ကျင့်ဝတ်များကို ဖတ်ရှုပြီး၍ လိုက်နာပါမည်ဟု သဘောတူညီပြီးနောက် ဤလုပ်ငန်းလိုင်စင်ကို လျှောက်ထားပါသည်။ ဤပုံစံတွင် ပါဝင်သော အချက်အလက်များနှင့် အထောက်အထားစာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ မှန်ကန်စွာ ဖြည့်သွင်းရေးသားထားပါကြောင်း ဝန်ခံကတိပြုပါသည်။

| လက်မှတ် | ရက်စွဲ |
|---|---|
| | |

**ကျင့်ဝတ်**

အကြံပေးပုဂ္ဂိုလ်နှင့် တွဲဖက်အကြံပေးပုဂ္ဂိုလ်တိုင်းသည် အောက်ဖော်ပြပါ ကျင့်ဝတ်များကို ဂရုတစိုက် ဖတ်ရှုလေ့လာပြီးနောက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ပညာရပ်နှင့်စပ်လျဉ်းသည့် ရပ်တည် ချက်များ တိုးတက်လာအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခံရခြင်း သို့မဟုတ် ပိတ်သိမ်းခံရခြင်းအထိ ဖြစ်စေနိုင်ပါသည်။ လုပ်ငန်းလိုင်စင် ရယူထားသူများသည်-

(က) ပညာရှင်ပီသစွာ ဘက်လိုက်မှုအလျဉ်းမရှိဘဲ တိကျမှန်ကန်စွာ ပြုမူဆောင်ရွက်ရမည်။

(ခ) ပတ်ဝန်းကျင်ဆန်းစစ်ခြင်းပညာရပ်နယ်ပယ်တွင် လုပ်ရည်ကိုင်ရည်အရည်အချင်းနှင့် ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန် အစဉ်အမြဲအားထုတ်ကြိုးပမ်းရမည်။

(ဂ) မိမိကြီးကြပ်မှုအောက်ရှိ လုပ်ဖော်ကိုင်ဖက်များ၏ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှု အတတ်ပညာ နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးရမည်။

(ဃ) အကျိုးစီးပွား ပဋိပက္ခဖြစ်နေခြင်း သို့မဟုတ် အကျိုးစီးပွားပြိုင်ဆိုင်နေခြင်းတို့ကို ရှောင်ကြဉ်ပြီး အကြံပေးပုဂ္ဂိုလ်၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်သည့် အလုပ်ရှင် သို့မဟုတ် အလုပ်အပ်နှံသူနှင့်ပတ်သက်မှု တစ်စုံတစ်ရာရှိပါက ထုတ်ဖော်ကြေညာရမည်။

(င) အကျိုးစီးပွားရှိနေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ မည်သည့် လာဘ်လာဘ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအကျိုးအမြတ် တစ်ခုခုကိုမျှ လက်ခံ ရယူခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုဘဲ မိမိ၏လုပ်ဖော်ကိုင်ဖက်များ လက်ခံရယူခြင်း သို့မဟုတ် ပေးကမ်းခြင်းကိုလည်း သိလျက်နှင့် ခွင့်မပြုရ။

(စ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း လေ့လာမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လေ့လာမှု သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲမှုတစ်ခုခု၏ ဖြောင့်မတ် မှန်ကန်မှုကို ထိခိုက်စေမည့် မှားယွင်းသော သို့မဟုတ် လမ်းမှားရောက်စေမည့် မည်သည့် သတင်းအချက်အလက်ကိုမျှ တမင်ကြံရွယ်ချက်ဖြင့် ထုတ်ပြန်ပြောဆိုခြင်း မပြုရ။

(ဆ) ဝန်ကြီးဌာနနှင့် အလုပ်အပ်နှံသူအပါအဝင် အကျိုးသက်ဆိုင်သူများ၏ အမည်ဂုဏ် သတင်းကို ထိခိုက်နစ်နာစေမည့် မည်သည့်အပြောအဆို၊ အပြုအမူကိုမျှမလုပ်ဆောင်ရ။

(ဓ) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေးကို ရေးရှုလျက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် လက်တွေ့လုပ်ကိုင်ခြင်းကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်မှု၊ ထိရောက်မှုနှင့် အရည်အသွေးတိုးတက်စေရန် အမြဲတစေကြိုးပမ်း ဆောင်ရွက်ရမည်။

(ဈ) မိမိတာဝန်ယူထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ပြီးဆုံးအောင်မြင်သည်အထိ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမည်။

| **ရုံးလုပ်ငန်းသုံးအတွက်သာ** | | |
|---|---|---|
| လက်ခံရရှိသည့် ရက် | | |
| မှတ်တမ်းရေးသွင်းသူ၏ အမည်နှင့် လက်မှတ် | | |
| ပူးတွဲစာရွက်စာတမ်းစာရင်း | ☐ | လျှောက်ထားသူ၏ နိုင်ငံသား စိစစ်ရေးကတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူ |
| | ☐ | လျှောက်ထားသူ၏ လုပ်ငန်းကိုယ်ရေးရာဇဝင် |
| | ☐ | သတ်မှတ်ထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း/ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ/ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ |
| | ☐ | ပညာရပ်အရည်အချင်းအတွက် အထောက်အထား မိတ္တူများ (မြန်မာ/အင်္ဂလိပ် သို့မဟုတ် ဘာသာပြန်) သို့မဟုတ် တင်ပြခြင်းမရှိပါက ကျိုးကြောင်းဖော်ပြချက် |
| နောက်ထပ်မှတ်ချက်များ၊ အကြံပြုချက်များ (လိုအပ်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲရေးသားပါ) | | |

ပုံစံ (ခ)

# အကြံပေးအဖွဲ့အမျိုးအစား (က) သို့မဟုတ် အကြံပေးအဖွဲ့အမျိုးအစား (ခ) အတွက် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ

လိုင်စင်
ဓာတ်ပုံ*

## အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ

| | | | | | | |
|---|---|---|---|---|---|---|
| လျှောက်ထားလိုသည့် လုပ်ငန်းလိုင်စင်အမျိုးအစား (ရွေးချယ်မည့် အမျိုးအစားတစ်ခုကိုသာ အမှန်ခြစ်ပေးပါ) | ☐ | အကြံပေးအဖွဲ့ အမျိုးအစား (က) | | | | |
| | ☐ | အကြံပေးအဖွဲ့ အမျိုးအစား (ခ) | | | | |
| လျှောက်ထားသည့် ရည်ရွယ်ချက် | ☐ | လုပ်ငန်း လိုင်စင် အသစ် | ☐ | သက်တမ်းတိုး/အမျိုးအစားပြောင်း | ☐ | လုပ်ငန်း လိုင်စင်အချက်အလက်ပြင်ရန် |
| အဖွဲ့အစည်း၏ လုပ်ငန်းလိုင်စင် အမှတ် (သက်တမ်းတိုး/ အမျိုးအစား ပြောင်းနှင့် အချက်အလက်ပြင်ရန် လျှောက်ထားသူများသာ ဖြည့်ရန်) | | | | | | |

## အဖွဲ့အစည်းတာဝန်ခံ** ၏ အချက်အလက်များ

| | |
|---|---|
| အမည်အပြည့်အစုံ | |
| ဘွဲ့/ဂုဏ်ထူး/အမည်(ပါမောက္ခ၊ ဒေါက်တာ၊ ဦး၊ ဒေါ်) | |
| ရာထူး | |
| မွေးသက္ကရာဇ် | |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်***<br>(မြန်မာနိုင်ငံသားများအတွက်) | |
| နိုင်ငံကူးလက်မှတ်အမှတ်***(နိုင်ငံခြားသားများသာ) | |

* အဖွဲ့အစည်းတာဝန်ခံ၏ လိုင်စင်ဓာတ်ပုံ ၃ ပုံ ပူးတွဲ တင်ပြရမည်။

** အဖွဲ့အစည်းတာဝန်ခံသည် အဖွဲ့အစည်း၏ အဓိကအကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ဆောင်ရွက်နေသူ ဖြစ်ပြီး အဖွဲ့အစည်း၏ ဒါရိုက်တာဘုတ်အဖွဲ့ (Board of Director – BOD) အဖွဲ့ဝင်ဖြစ်ရမည်။

*** နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူကို ဤပုံစံနှင့်အတူ ပူးတွဲ တင်ပြရမည်။

**အဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ**

| | |
|---|---|
| အဖွဲ့အစည်း၏ တရားဝင်အမည် | |
| ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်အမှတ်* | |
| ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာ (ပုံစံ-၈) | |
| တည်ထောင်သည့် ခုနှစ် | |
| ပိုင်ဆိုင်မှု** | |
| ဝက်ဘ်ဆိုဒ်လိပ်စာ (ရှိပါက) | |
| ဝန်ထမ်းအရေအတွက် | |
| ရုံးလိပ်စာ | စာပို့သင်္ကေတအမှတ် နိုင်ငံ |

* အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ်မိတ္တူကို ဤပုံစံနှင့်အတူ ပူးတွဲတင်ပြရမည်။

** ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များအကျဉ်းချုပ် တင်ပြရန် (ဥပမာ - မတည်ရင်းနှီးငွေ၊ စတော့စျေးနှုန်းစသည်ဖြင့်)

**ဆက်သွယ်ရန်အချက်အလက်များ**

| | |
|---|---|
| တယ်လီဖုန်း(ရုံး)- | အီးမေးလ်- |
| ဖက်စ်(ရုံး)- | လက်ကိုင်ဖုန်း- |

**အဖွဲ့အစည်း၏ လေ့လာဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအုပ်စုများ**

(အဖွဲ့အစည်းတွင် အဓိကအကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်မည့် အကြံပေးပုဂ္ဂိုလ်နှင့် တွဲဖက်အကြံပေးပုဂ္ဂိုလ်တို့၏ ကျွမ်းကျင်မှုနယ်ပယ်များအပေါ် အခြေခံ၍ လျှောက်ထားလိုသည့် စီမံကိန်းလုပ်ငန်းအုပ်စုများကို ရွေးချယ်အမှတ်ခြစ်ပေးရန်)

| စဉ် | စီမံကိန်းလုပ်ငန်းအုပ်စု | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (က) ပါ စီမံကိန်း လုပ်ငန်းအမျိုးအစား အမှတ်စဉ် | အမှတ် ခြစ်ရန် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | (၁) စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း | | |
| ၁ | ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်း | (၁၂) မှ (၁၄) | ☐ |
| ၂ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်း | (၁၅) မှ (၁၇) | ☐ |
| ၃ | ရေနံနှင့် သဘာဝဓာတ်ငွေ့ ပြုပြင်သန့်စင်ထုတ်လုပ်ခြင်းစီမံကိန်းလုပ်ငန်း | (၁၈) မှ (၂၀) နှင့် (၂၅) | ☐ |
| ၄ | ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | (၂၁) မှ (၂၃) | ☐ |
| ၅ | ဓာတ်ငွေ့ရည် (LPG)၊ သဘာဝဓာတ်ငွေ့ (CNG) နှင့် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း | (၂၄) | ☐ |
| ၆ | ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | (၅) | ☐ |
| ၇ | ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း | (၂) | ☐ |
| ၈ | အခြား ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းလုပ်ငန်း | (၇)၊ (၁၀) နှင့် (၁၁) | ☐ |
| ၉ | သဘာဝဓာတ်ငွေ့သုံး သို့မဟုတ် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | (၄) | ☐ |

| စဉ် | စီမံကိန်းလုပ်ငန်းအုပ်စု | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (က) ပါ စီမံကိန်းလုပ်ငန်းအမျိုးအစား အမှတ်စဉ် | အမှတ်ခြစ်ရန် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁၀ | ခါတ်ငွေ့၊ အပူစွမ်းအင် နှင့် အပူငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | (၈) နှင့် (၉) | ☐ |
| ၁၁ | စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | (၆) | ☐ |
| ၁၂ | နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း | (၃) | ☐ |
| ၁၃ | လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်း | (၂၆) မှ (၂၈) | ☐ |
| | **(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဆိုင်ရာ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း** | | |
| ၁၄ | စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်း | (၂၉) နှင့် (၃၀) | ☐ |
| ၁၅ | မွေးမြူရေးဆိုင်ရာလုပ်ငန်း | (၃၁) မှ (၃၃)၊ (၃၇)နှင့် (၃၈) | ☐ |
| ၁၆ | ရေလုပ်ငန်းဆိုင်ရာလုပ်ငန်း | (၃၄) မှ (၃၆) | ☐ |
| ၁၇ | သစ်တောထိန်းသိမ်းအုပ်ချုပ်ခုတ်လှဲထုတ်လုပ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်း | (၃၉) နှင့် (၄၀) | ☐ |

| စဉ် | စီမံကိန်းလုပ်ငန်းအုပ်စု | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (က) ပါ စီမံကိန်း လုပ်ငန်းအမျိုးအစား အမှတ်စဉ် | အမှတ်ခြစ်ရန် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (၃) ထုတ်လုပ်မှုလုပ်ငန်း | | | |
| (က) | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်း | | |
| ၁၈ | အစားအစာ ပြုပြင်မွမ်းမံထုတ်လုပ်ခြင်းလုပ်ငန်း | (၄၂) မှ (၅၂) နှင့် (၅၇) | ☐ |
| ၁၉ | အဖျော်ယမကာ ပြုပြင်မွမ်းမံထုတ်လုပ်ခြင်းလုပ်ငန်း | (၅၃) မှ (၅၆) | ☐ |
| (ခ) | အဝတ်အထည်၊ ချည်ထည်နှင့် သားရေထည်လုပ်ငန်း | | |
| ၂၀ | အဝတ်အထည်၊ ချည်ထည် ထုတ်လုပ်ခြင်းနှင့် ဆေးဆိုးခြင်းလုပ်ငန်း | (၅၈) နှင့် (၅၉) | ☐ |
| ၂၁ | သားရေထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း | (၆၀) နှင့် (၆၁) | ☐ |
| (ဂ) | သစ်အခြေခံပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | | |
| ၂၂ | သစ်စက်၊ သစ်အချောထည်ပစ္စည်း၊ သစ်သားပြားနှင့် သစ်အပိုင်းအစ ထုတ်လုပ်ခြင်းလုပ်ငန်း | (၆၂) နှင့် (၆၃) | ☐ |
| ၂၃ | ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း | (၆၄) | ☐ |
| ၂၄ | ပုံနှိပ်လုပ်ငန်းနှင့် အခြားအလှဆင် လုပ်ငန်း | (၆၅) | ☐ |

| စဉ် | စီမံကိန်းလုပ်ငန်းအုပ်စု | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (က) ပါ စီမံကိန်းလုပ်ငန်းအမျိုးအစား အမှတ်စဉ် | အမှတ်ခြစ်ရန် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (ဃ) | ဓာတုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | | |
| ၂၅ | ဓာတုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | (၆၆) မှ (၇၅) | ☐ |
| ၂၆ | ပေါက်ကွဲစေတတ်သော ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း | (၇၆) မှ (၇၈) | ☐ |
| (င) | ဖန်ထည်/မှန်ထည်နှင့် ကြွေထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | | |
| ၂၇ | ဖန်ထည်/မှန်ထည်နှင့် ကြွေထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | (၇၉) နှင့် (၈၀) | ☐ |
| (စ) | ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | | |
| ၂၈ | ဘိလပ်မြေ၊ အခြားဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများနှင့် နိုင်လွန်ကတ္တရာထုတ်လုပ်ခြင်းလုပ်ငန်း | (၈၁) မှ (၈၄) | ☐ |
| (ဆ) | သတ္တု၊ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း | | |
| ၂၉ | သတ္တုပစ္စည်းထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်း | (၈၅) မှ (၈၈) | ☐ |
| ၃၀ | သင်္ဘောကျင်း၊ သင်္ဘောနှင့် ရထား တည်ဆောက်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်း | (၈၉) နှင့် (၉၀) | ☐ |
| ၃၁ | ရာဘာ နှင့် စက်မှုလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | (၉၁) မှ (၉၃) | ☐ |
| ၃၂ | လျှပ်စစ်ပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | (၉၄) မှ (၉၆) | ☐ |

